မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၃၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၈၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စင်ကာပူနိုင်ငံဝန်ကြီးချုပ်အား ပြည်သူ့လွှတ်တော်အဆောက်အအုံ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံ

ရန်ကုန် မတ် ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်းလုံးနှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးလှသန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော်စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလုံးနှင့်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတ နိုင်ငံ သံအမတ်ကြီး မစ္စတာ တီဂျဆူဒါဆန်လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်းလုံးနှင့် အဖွဲ့ဝင်များနှင့်အတူ ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ မတ်လ ၃၁ ရက်)

ပြည်သူ့အကျိုးပြုစီမံကိန်းကြီးများ ဖန်တီးဖော်ဆောင်လျက်ရှိ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

မျက်မှောက်ကာလသည် နိုင်ငံတော်ကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်မြင့် တည်ဆောက်နေသည့် ကာလဖြစ်သည်။ ယင်းကာလ၌ တစ်မျိုးသားလုံး ပေါင်းစည်းညီညွတ်သည့် အင်အားဖြင့် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိနိုင်ရေးအတွက် နိုင်ငံသူနိုင်ငံသားအားလုံးက အမျိုးသားရေးတာဝန်အဖြစ် ခံယူကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် မတ်လ ၂၄ ရက်နေ့က မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်တွင် ကျင်းပသည့် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌-

"တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးရန်အတွက် အဓိကမှာ မိမိနိုင်ငံ၊ မိမိတိုင်းပြည်၏ အမျိုးသားစီးပွားရေးဘဝ အခြေခိုင်မာနေရန်ပင်ဖြစ်ကြောင်း၊ ပြည်ပအကူအညီ အထောက်အပံ့ကို မျှော်ကိုးနေခြင်းထက် မိမိတို့၏ ကိုယ်ပိုင်အရင်းအနှီး၊ ကိုယ်ပိုင်စွမ်းအားများကိုပင် ဖြစ်နိုင်သမျှ အစွမ်းကုန် အပြည့်အဝ ထုတ်ဖော်အသုံးချနိုင်ကြရမှာဖြစ်ကြောင်း၊ သို့မှလည်း နိုင်ငံတော်၏ အမျိုးသား ဂုဏ်သိက္ခာ၊ အမျိုးသားစွမ်းအား စုများသည် ပိုမိုတောက်ပြောင်၊ ပိုမိုစည်းရုံးပြီး အင်အားရှိလာမှာလည်းဖြစ်ကြောင်း" ပြောကြားသွားသည်။

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံတော်၏ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနှင့် လူမှုရေးစွမ်းအားများ ခိုင်မာတောင့်တင်းစေရန်အတွက် နိုင်ငံတော်နှင့် ပြည်သူလက် တွဲ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်သစ်ကို တည်ဆောက်ရာ၌ အဆင်သင့်ဖြစ်နေစေရန် နိုင်ငံတော်အစိုးရက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ကဏ္ဍတိုင်းတွင် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ပေးလျက်ရှိသည်။

ယနေ့ကာလတွင် သူတစ်ပါးအပေါ် အမှီအခိုကင်းကင်းဖြင့် ကိုယ်ပိုင်စွမ်းပကား၊ ကိုယ်ပိုင်အရင်းအနှီးများကိုအားပြု၍ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်ခဲ့သောကြောင့် နိုင်ငံတော်သည် ကန့်သတ်ပိတ်ပင်ထိုးနှက်မှုများကြားကပင် တိုးတက်အောင်မြင်မှုများ ရရှိနေပြီဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် သစ်တောသယံဇာတ၊ ရေသယံဇာတနှင့် မြေသယံဇာတ စသည့် သဘာဝသယံဇာတ အရင်းအမြစ်များ ပေါများကြွယ်ဝပေရာ သဘာဝကို သဘာဝအတိုင်းမထားဘဲ လူ့စွမ်းအားများဖြင့် အစွမ်းကုန် အပြည့်အဝ ဖော်ထုတ်အသုံးချနိုင်သည်နှင့်အမျှ တိုးတက်မှုများ ရှိလာမည်ဖြစ်သည်။ တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

သာဓကအားဖြင့် သဘာဝသယံဇာတ အရင်းအမြစ်ကို အသုံးချ၍ နိုင်ငံတော်တွင် တည်ဆောက်ခဲ့သည့် စီမံကိန်းများအနက် မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်တွင် အကြီးဆုံးနှင့် ခေတ်အမီဆုံး ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းကြီးကို အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ရာ မြန်မာအင်ဂျင်နီယာ အတတ်ပညာရှင်များ၊ ဌာနဆိုင်ရာများ၏ စုစည်းပူးပေါင်းအားထုတ်မှု စွမ်းပကားဖြင့် ပေါ်ထွက်လာသော အောင်ပွဲဟု ဆိုရမည်ဖြစ်ပေသည်။

ယင်းစီမံကိန်းကြီးသည် လယ်ယာကုန်ထုတ်လုပ်ငန်းတွင် လိုအပ်သည့်စိုက်ပျိုးရေကို ဖြည့်ဆည်းပေးနိုင်သကဲ့သို့ ပြည်သူများအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကိုပါ ဖန်တီးဖြည့်ဆည်းပေးနိုင်သည့် ဘက်စုံစီမံကိန်းကြီး ဖြစ်သည်။ ပြည်သူများ၏ လူမှုစီးပွားရေးဘဝ အခြေခိုင်မာစေမည့် ယင်းကဲ့သို့သော စီမံကိန်းကြီးများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို နိုင်ငံတော်က ဆက်လက်၍ ဆက်တိုက်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိနေပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ကိုယ်ပိုင်အရင်းအနှီး၊ ကိုယ်ပိုင်စွမ်းပကားများဖြင့် ပြည်သူ့အကျိုးပြုစီမံကိန်းကြီးများကို ဖန်တီးဖော်ဆောင်ပေးနေချိန်တွင် တိုင်းရင်းသားပြည်သူများအပိုင်းကလည်း ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် သဘာဝအရင်းအမြစ်များ၊ အခြေခံအဆောက်အအုံများကို ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြင်းခြံမြို့နယ်တွင် ကျေးလက်ဆေးပေးခန်းများဖွင့် ကျန်းမာရေးဌာနသို့ လွှဲပြောင်းပေးအပ်

ရန်ကုန် မတ် ၃၀

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြင်းခြံ မြို့နယ် ခြေဆေးကျေးရွာ ကျေးလက်ဆေးပေးခန်းအား ကျန်းမာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မတ်၂၆ရက် နံနက်ပိုင်းက အဆိုပါကျေးလက်ဆေးပေးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ လှူဒါန်းငွေကျပ် ၅၀၀၀၀ နှင့် မြို့နယ်အလုပ်အမှုဆောင် နယ်မြေတာဝန်ခံ ဦးဝင်းရွှေ၏ လှူဒါန်းငွေကျပ် ၇၀၀၀၀၀ တို့ကို ကျေးလက်ဆေးပေးခန်း ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌက လက်ခံသည်။

ထို့နောက် ဆေးပေးခန်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ဆေးပေးခန်း ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌက ခရိုင်ဆရာဝန်ကြီးဒေါက်တာမောင်မောင်လှထံ လွှဲပြောင်းပေးအပ်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးစန်းအောင်၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာမောင်မောင်လှနှင့် ကျေးလက်ဆေးပေးခန်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းကြည်တို့က ဆေးပေးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အလားတူ မြင်းခြံမြို့နယ် တိုင်းတောင်ကျေးရွာ ကျေးလက်ကျန်းမာရေးဆေးပေးခန်းအား ကျန်းမာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အဆိုပါကျေးလက်ဆေးပေးခန်း၌ကျင်းပပြီးကျေးလက်ဆေးပေးခန်းအဆောက်အအုံကို မြင်းခြံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်း၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာမောင်မောင်လှနှင့် ဆေးပေးခန်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌဦးပေါတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်(၆၀)ပြည့် တပ်မတော်နေ့အဓိဋ္ဌာန်

"နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အသက်စွန့်မည့် မျိုးချစ်မြန်မာ့တပ်မတော်သည် အဖျက်ရန်စွယ်အန္တရာယ် မှန်သမျှကို ပြည်သူလူထုနှင့်အတူ လက်တွဲ ချေမှုန်းပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အရောက် ချီတက်မည်ဟု အဓိဋ္ဌာန်ပြုပါ၏။"

မတ်၂၉ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (နယ်မြေတာဝန်ခံ) အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ်(၂၂)၊ ကွန်ပျူတာ အခြေခံသင်တန်းအမှတ်စဉ်(၂၀)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းဖော်ပြပြီး)(အား/ကာ)

မြဝတီရုပ်မြင်သံကြား

၃၁-၃-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် An Introduction to the final Account of limited liebilition Comparies (Financial Accounting.) (စီးပွားရေး၊ စီးပွားစီမံ-ဒုတိယနှစ်)
၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း (အပိုင်း-၃၅)
၆:၄၅ ၁၇။ လျှပ်တစ်ပြက်
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျောက်မဖြစ်တဲ့ နှလုံးသား ရုပ်ကြွင်း"**(အပိုင်း-၁)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟေဝန်က သိုင်းလုလင်"** (အပိုင်း-၉)



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်းလုံး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခန်းမဆောင် အလေးပြုခံစင်မြင့်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

✡ *ကျောဖုံးမှ*

ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလုံး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသော အထူးလေယာဉ်သည် မွန်းလွဲ ၁၂နာရီ ၁၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆင်းသက်ဆိုက်ရောက်လာရာ ဧည့်သည်တော် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ယဉ်ကျေးမှုတက္ကသိုလ်မှ ကျောင်းသူလေးများက ပန်းစည်းဆက်၍ ခရီးဦးကြိုဆိုကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များက ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလုံးတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခန်းမဆောင် အလေးပြုခံ စင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြသည်။ ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက စင်ကာပူသမ္မတနိုင်ငံသီချင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းတို့ကို တီးမှုတ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဧည့်သည်တော်စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်းလုံးတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခန်းမဆောင်၌ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။ (သတင်းစဉ်)

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ဆက်လက်၍ ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလုံးနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလုံးသည် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတူ ကြိုဆိုနှုတ်ဆက်ကြသည့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံရုံးမှ သံရုံးအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဧည့်သည်တော်စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာလီရှန်းလုံးနှင့်အဖွဲ့ဝင်များသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ခေတ္တတည်းခိုမည့် ဆီဒိုးနားဟိုတယ်သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာသွားကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များက မော်တော်ယာဉ်သို့ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၃၀

အထက(၁)မုဒုံ(ရှင်အရဟံအထက်တန်းကျောင်း)မှ အသက်(၆၀)ပြည့် အငြိမ်းစားဆရာဆရာမကြီးများအား ပူဇော်ပွဲကို ဧပြီ ၃ရက်(တနင်္ဂနွေနေ့)တွင် ရှင်အရဟံခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ ဆက်သွယ်လှူဒါန်းနိုင်သည်။ အလှူငွေများကို ဦးမျိုးဝင်း(ကိုခြို) ဖုန်း-၅၄၄၄၆၄၊ ၅၄၄၄၆၅၊ ဦးသန်းတင်အောင် (ဗိုသုကာ) ဖုန်း-၆၆၂၂၆၃၊ ဒေါ်အိအိခက် ဖုန်း-၅၆၁၃၇၉၊ ၀၉-၅၀၁၉၁၃၅ နှင့် ဒေါက်တာတင်ရွှေ (သွားဆရာဝန်) တစ်ဆင့်ဖုန်း-၀၅-၈၇၁၀၆၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ ခုနှစ်
တပေါင်းလပြည့်ကျော် ၇ ရက်
၃၁-၃-၂၀၀၅(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံ၏ ပရိတ်တရားတော်
၇း၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၆။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၈း၀၅	၇။	အတီးပြိုင်ပွဲ
၈း၁၀	၈။	အကပဒေသာ
၈း၂၀	၉။	ဆပ်သွားတံတား
၈း၃၀	၁၀။	International News
၈း၄၅	၁၁။	Let's Go
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇း၁၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇း၂၀	၇။	**"အန္တရာယ်ကင်းစေ ဘေးရှင်းစေ"** လူမင်း၊ ဟန်နီထွန်း (ဒါရိုက်တာ-သက်တင်)
၁၇း၄၅	၈။	တေးဂီတအစီအစဉ်
၁၈း၀၀	၉။	နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈း၁၅	၁၀။	တေးဂီတအစီအစဉ်
၁၈း၃၀	၁၁။	ညနေခင်းသတင်း
၁၉း၀၀	၁၂။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"**(အပိုင်း-၁၉)
၁၉း၃၅	၁၄။	အမျိုးသားညီလာခံ ဂုဏ်ပြုတေး
၂၀း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
	၁၉။	မြန်မာဗီဒီယိုဇာတ်လမ်း **"နူးညံ့သိမ်မွေ့တဲ့ အချစ်အကြောင်း"** (အပိုင်း-၁) လူမင်း၊ ဝိုင်း၊ ခိုင်သင်းကြည် (ဒါရိုက်တာ-မောင်သီ)
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

တိမ်ထူထပ်မည်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာနကျောင်းဆင်းပဒေသာကပွဲကျင်းပ

ရန်ကုန် မတ် ၃၀

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာန ၂၀၀၄-၂၀၀၅ခု စာသင်နှစ်ကျောင်းဆင်းပဒေသာကပွဲ အခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဆရာမများ၊ မိဘများနှင့် ကလေးငယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်အေးအေး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ထွေးထွေးညွန့်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် အကျိုးဆောင် စာရင်းစစ် ဒေါ်သင်းသင်းတို့က ၂၀၀၄-၂၀၀၅ခု စာသင်နှစ် ကျောင်းဆင်းလက်မှတ်များကို တန်းခွဲအလိုက်ဆရာမများအား အသီးသီးပေးအပ်ကြပြီး အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက ဆရာမများအတွက် ဂုဏ်ပြုလက်ဆောင်ပေးအပ်ရာ ဆရာမများကိုယ်စားတာဝန်ခံဆရာမဒေါ်ထားထားရီက လက်ခံရယူသည်။

ယင်းနောက် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာနမှ ကလေးငယ်များက စည်းလုံးခြင်းသည်အင်အား တိုင်းရင်းသားအက၊ ဗျည်းအက္ခရာကဗျာသရုပ်ဖော်အက၊ ရှေးရေစက်သီချင်းဖြင့် စုံတွဲအက၊ ခေတ်အလိုက်ဝတ်စားဆင်ယင်မှု သရုပ်ပြဖျော်ဖြေမှုနှင့် တပင်တိုင် အကတို့ဖြင့် ကပြဖျော်ဖြေကြသည်။ **(အောက်ပုံ) (သတင်းစဉ်)**

အာရှနှင့်ပစိဖိတ်ဒေသ သဘာဝပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးအဆင့်အစည်းအဝေး ဆိုးလ်မြို့တော်၌ကျင်းပ

ဆိုးလ် မတ် ၂၉

အာရှနှင့် ပစိဖိတ်ဒေသ သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ငါးကြိမ်မြောက်ဝန်ကြီးအဆင့် အစည်းအဝေး (အမ်စီအီးဒီ)ကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်၌ တနင်္လာနေ့မှ စတင်ကာ နှစ်ရက်ကြာကျင်းပခဲ့သည်။ ယခုနှစ်၏ အမ်စီအီးဒီဆောင်ပုဒ်ဖြစ်သော အာရှနှင့်ပစိဖိတ်ဒေသတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အောင်မြင်မှုများနှင့် စီးပွားရေးတိုးတက်မှုများကို ထိန်းသိမ်းရေးဟူသော ခေါင်းစဉ်ဖြင့် ယင်းအစည်းအဝေးကို ကျင်းပခဲ့ခြင်းဖြစ်သည်။

ဖိအား

အမ်စီအီးဒီအစည်းအဝေးသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က သဝဏ်လွှာပေးပို့ရာတွင် အာရှနှင့် ပစိဖိတ်ဒေသတွင် စီးပွားရေးတိုးတက်အောင်မြင်မှုများ ရှိခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် စီးပွားရေးတိုးတက်မှုဖြစ်ပေါ်ခြင်းသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းအပေါ်တွင် တိုးတက်ဖိအားပေးလျက်ရှိကြောင်း အာနန်၏သဝဏ်လွှာတွင်ရေးသားဖော်ပြထားသည်။ သို့သော်လည်း ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ ရည်မှန်းချက်အားဖြင့် အပြန်အလှန် တူညီနိုင်မှုမရှိကြောင်းလည်း မစ္စတာအာနန်က ပြောကြားသည်။

စိန်ခေါ်

ထို့အပြင် အာရှနှင့် ပစိဖိတ် လူမှုရေးကော်မရှင်နှင့် စီးပွားရေးဆိုင်ရာ အတွင်းရေးမှူး ကင်ဟက်ခ်ဆူက ပြောကြားရာတွင် စီးပွားရေးတိုးတက်မှုသည် ဒေသ၏ အပင်နှင့် သတ္တဝါတို့အပေါ်တွင် ဖိအားသဖွယ် အကျိုးသက်ရောက်မှုရှိကြောင်း ပြောကြားသည်။ ယခုအခါ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှု တိုးတက်ပြုလုပ်စဉ် ဆင်းရဲနွမ်းပါးမှု လျှော့နည်းရေးနှင့် မိမိတို့၏ စီးပွားရေး တိုးတက်မှုဆက်လက်မြင့်တင်ရန် မည်ကဲ့သို့ ဆောင်ရွက်ရမည်ဆိုသည်မှာ စိန်ခေါ်မှု တစ်ရပ်ဖြစ်နေကြောင်း မစ္စတာကင်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

သီရိလင်္ကာ ခရီးသွားလုပ်ငန်း ပြန်လည်နာလန်ထူလာမည် မျှော်မှန်း

ကိုလံဘို မတ် ၂၉

သီရိလင်္ကာ ခရီးသွားလုပ်ငန်းဌာနသည် လွန်ခဲ့သည့် ဒီဇင်ဘာလက ဆူနာမီ၏ဖျက်ဆီးမှုဒဏ်မှ ပထမဆုံးပြန်လည်နာလန်ထူလာနိုင်ကြောင်း စီလုံ ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ဥက္ကဋ္ဌ အူဒါယာနာနာယတ်ကာရာက တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

မိမိတို့သည် ဆူနာမီမဖြစ်ပွားမီ အဆင့်နှင့်နှိုင်းစာလျှင် ကမ္ဘာ့လှည့်ခရီးသည် ရောက်ရှိမှုသည် ၅၀ ရာခိုင်နှုန်းပြန်ရခဲ့ကြောင်း၊ ပြန်တက်လာမည်ဟုယုံကြည်ကြောင်း နာနာယတ်ကာရာက ပြောကြားသည်။

လွန်ခဲ့သည့်နှစ်က ဆူနာမီကြောင့် နိုင်ငံခြားခရီးသွားများ ရှောင်နေကြချိန်တွင် ကမ္ဘာလှည့်ခရီးသည်ရောက်ရှိမှုသည် မူလရည်မှန်းထားသည့် ၆၀၀၀၀၀ အောက် ၂၀ ရာခိုင်နှုန်း လျော့ဖွယ်ရှိကြောင်း ၎င်းကပြောကြားသည်။

ပိတ်ခဲ့ရ

သီရိလင်္ကာ ပင်လယ်ကမ်းခြေ၏ သုံးပုံနှစ်ပုံကို ဆူနာမီဝင်ရောက်ဖျက်ဆီးခဲ့ပြီးနောက် ဟိုတယ် ၂၄၆ ခု အနက် ၅၂ ခုကို ပိတ်ပစ်ခဲ့ရသည်။

စံချိန်တင်

အိန္ဒိယသမုဒ္ဒရာကျွန်းနိုင်ငံဖြစ်သော သီရိလင်္ကာနိုင်ငံသည် လွန်ခဲ့သည့်နှစ်က အလည်အပတ် လာရောက်သူ ၅၆၆၀၀၀ ကိုဆွဲဆောင်နိုင်ခဲ့မှု အမြင့်ဆုံးအရေအတွက်အဖြစ်စံချိန်တင်ခဲ့သည်။

အကြီးဆုံး

ခရီးသွားလုပ်ငန်းသည် နိုင်ငံအတွက် တတိယအကြီးဆုံးနိုင်ငံခြားငွေ ရရှိသည့်လုပ်ငန်းဖြစ်ပြီး ပြည်တွင်းအသားတင်ထုတ်လုပ်မှု(ဂျီဒီပီ)၏ ငါးရာခိုင်နှုန်းခန့်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံ ဆိုနီကုမ္ပဏီမှထုတ်လုပ်သော ဒီဗွီဒီ ရုပ်သံဖမ်းစက်နှင့်တွဲလျက် အသုံးပြုရသော ဗီဒီယိုဂိမ်းကို ဝန်ထမ်းတစ်ဦးက မတ် ၂၈ ရက်က ပြသနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ယူအေအီးရှိ အမ်းမရိတ်လေကြောင်းလိုင်း လေယာဉ်အုပ်စု တိုးချဲ့ရန်စီစဉ်လျက်ရှိ

အဘူဒါဘီ မတ် ၂၉

ယူအေအီးနိုင်ငံရှိ အမ်းမရိတ် လေကြောင်းလိုင်းသည် ၎င်း၏လေယာဉ်အုပ်စုကို တိုးချဲ့ရန် စီစဉ်လျက်ရှိကြောင်း ဒဗလျူအေအမ်သတင်းဌာနက တနင်္ဂနွေနေ့၌ သတင်းဖော်ပြသည်။

ဒူဘိုင်းအခြေစိုက်ရှိ အဆိုပါ လေကြောင်းသည် ဘိုးရင်း777-300 ER အမျိုးအစားလေယာဉ်သစ် အစင်း၃၀ လက်ခံ ရရှိခဲ့သည်။

စီစဉ်

အဆိုပါ အသစ်ရောက်ရှိမှုသည် အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံရှိ လေယာဉ်အစုအဖွဲ့ တိုးချဲ့မှုအစီအစဉ် အပိုင်း တစ်ရပ်ဖြစ်ကြောင်း၊ ယင်းလေကြောင်းလိုင်းသည် ဆိုင်းငံ့ထားသော အမှာစာ ၁၀၀အတွက် ပို့ဆောင်ပေးရန် စီစဉ်ထားပြီးဖြစ်ကြောင်း သိရသည်။

ဖော်ပြ

ဘိုးရင်း 777-300 ER လေယာဉ်သစ်သည် မနီလာ၊ ဗန်ကောက်၊ ဆစ်ဒနီနှင့် အော့ကလန်ကဲ့သို့သော မြို့ကြီးများသို့ အဓိကထား၍ ပျံသန်းပို့ဆောင်ရေးတွင် အသုံးပြုမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်၌ ဖော်ပြသည်။

အမ်းမရိတ်လေကြောင်းသည် အဆိုပါလေယာဉ် အမျိုးအစား အစင်း ၃၀မှာယူထားပြီးဖြစ်ရာ ၂၀၀၅ ခုနှစ်ကုန်ပိုင်းတွင် ၁၀စင်းလက်ခံရရှိမည်ဖြစ်ကြောင်းသိရသည်။ အမ်းမရိတ်လေကြောင်းလိုင်းကို ၁၉၈၅ ခုနှစ်က တည်ထောင်ခဲ့ပြီး အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိက ဒေသ၌ အကြီးဆုံးလေကြောင်းလိုင်း ဖြစ်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံ ၅၄နိုင်ငံရှိ ခရီးစဉ် ၇၇ခုသို့ ပျံသန်း ပို့ဆောင် ပေးလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

နာဂျက်ဖ်မြို့အနီး ထောင်ချောက်ဗုံးပေါက်ကွဲ အီရတ်ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် မတ် ၂၉

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့အနီးတွင် စက်ဘီးထောင်ချောက်ဗုံးတစ်လုံး ရဲအဖွဲ့ကားတစ်စီးဘေး၌ တနင်္လာနေ့က ပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုတွင် အခြားရဲနှစ်ဦးနှင့်အရပ်သားအချို့ဒဏ်ရာရခဲ့ကြောင်း၊ ရဲအဖွဲ့ကားမှာ မူဆေယစ်ဒေသ၌ ဘဂ္ဂဒက်မှနာဂျက်ဖ်သို့သွားသော အဝေးပြေးလမ်းမကြီးကို လုံခြုံရေးစောင့်ကြပ်နေသည့် ကားဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လူတစ်ယောက်သည် စက်ဘီးကို ရပ်ထားသောရဲအဖွဲ့ကား၏နံဘေး၌ ထားရစ်ခဲ့ပြီး ထွက်ပြေးသွားခဲ့ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မကြာသေးမီရက်များအတွင်း နာဂျက်ဖ်ဒေသ၌ ပိုမိုရောက်ရှိလာသော အီရတ်လုံခြုံရေးတပ်ဖွဲ့များကို ပြောက်ကျားများသည် မကြာခဏတိုက်ခိုက်ခဲ့ကြသည်။

အဘူမူဆက်ဘ်အယ်လ်ဇာကာဝီဦးဆောင်သည့် စစ်သွေးကြွအုပ်စုက တိုက်ခိုက်မှုများမှာ မိမိတို့လက်ချက်ဖြစ်ကြောင်း အခိုင်အမာပြောကြားခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ

လုံခြုံရေး စောင့်ကြပ်

ဘာဆာရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး လုံခြုံရေးစောင့်ကြပ်နေသည်ကို မတ်၂၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လက်ဘနွန်ရှိ လေကြောင်း ကာကွယ်ရေးစခန်းများ ဆီးရီးယားတပ်ဖွဲ့ဝင်များ စွန့်ခွာ

ဘေရွတ် မတ် ၂၈

ဆီးရီးယား တပ်ဖွဲ့ဝင်များသည် အိမ်နီးချင်း လက်ဘနွန်နိုင်ငံရှိ ၎င်းတို့၏ နောက်ဆုံးကျန်ရှိသော လေကြောင်းကာကွယ်ရေးစခန်းများကို ရုပ်သိမ်းပြီး တနင်္ဂနွေနေ့၌ နယ်စပ်ဖြတ်ကာ ဆီးရီးယားနိုင်ငံသို့ ပြန်လာခဲ့ကြသည်ဟု လုံခြုံရေး သတင်းရပ်ကွက်များက ပြောကြားသည်။

နိုင်ငံတကာဖိအားပေးမှုနှင့် လက်ဘနွန်လူမျိုးများ၏ကန့်ကွက်မှုများနှင့် ကြုံနေရသော ဆီးရီးယားနိုင်ငံသည် လက်ဘနွန်နိုင်ငံ၏ ၁၉၇၅-၁၉၉၀ပြည့်နှစ်အတွင်း ဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်တွင် လက်ဘနွန်နိုင်ငံတွင်း၌ ဖြန့်ချခဲ့သော ဆီးရီးယားစစ်ဘက်ပုဂ္ဂိုလ်များ၊ ထောက်လှမ်းရေး အဖွဲ့ဝင်များနှင့် စစ်လက်နက်ပစ္စည်းများကို ရုပ်သိမ်းရန် ကတိပေးခဲ့သည်။ လက်ဘနွန်နိုင်ငံ၏ အရှေ့ဘက် ဘီကာတောင်ကြားဒေသသို့ တပ်ဖွဲ့ဝင်များ ပြန်ဆုတ်ပေးခြင်းနှင့် ယင်း၏ တပ်ဖွဲ့ဝင် ၁၄၀၀၀အနက်မှ သုံးပုံတစ်ပုံကျော်ကို လုံးဝရုပ်သိမ်းခြင်းစသော အဆင့်နှစ်ဆင့်ရုပ်သိမ်းရေးအစီအစဉ်၏ ပထမအဆင့်ကို ဆောင်ရွက်ပြီးစီးခဲ့သည်။

ထားရစ်ခဲ့

ယခုသီတင်းပတ်အစောပိုင်း၌ ဆီးရီးယားနိုင်ငံသည် ဘီကာရှိ စခန်း၁၂ခုမှနေ၍ ၎င်း၏တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းကာ တနင်္ဂနွေနေ့၌ ယင်း၏ အကြီးဆုံးနှင့် နောက်ဆုံးလေယာဉ် စစ်စခန်းနှစ်ခုကို ထားရစ်ခဲ့ကြောင်း သတင်းရပ်ကွက်များက ပြောကြားသည်။

ဆီးရီးယား-လက်ဘနွန် စစ်ဘက်ကော်မတီသည် ကျန်တပ်ဖွဲ့များ ရုပ်သိမ်းရေးအချိန်သတ်မှတ်ရန် ဧပြီလအစောပိုင်း၌ အစည်းအဝေး ပြုလုပ်ရမည်ဖြစ်သည်။ လာမည့်မေလ၌ ကျင်းပမည့် လက်ဘနွန်အထွေထွေရွေးကောက်ပွဲ မတိုင်မီ ဆီးရီးယားနိုင်ငံသည် ၎င်း၏တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းပြီးစီးမည်ဟု မိမိမျှော်လင့်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ပြည်တွင်း၊ပြည်ပ သတင်းစာဆရာများအား ၂၀၀၅ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ရှင်းလင်းပြောကြားစဉ်။ (မြန်မာ့အလင်း)

(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲစတင်ကျင်းပ အရည်အသွေးကောင်းကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲများရောင်းချမည် ပြည်တွင်း၊ပြည်ပ သတင်းစာဆရာများအား ရှင်းလင်းပွဲကျင်းပ

ရန်ကုန် မတ် ၃၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီကကြီးမှူးကျင်းပသော ၂၀၀၅ ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့နံနက် ၉နာရီမှ စတင်၍ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ဖွင့်လှစ်ပြသရာ မွန်းလွဲ ၂နာရီတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းနာယက ဦးလှထွေး၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ရွှေဦးနှင့် အသင်းဝင် နိုင်ငံခြားသတင်းထောက်များ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ကြိုဆိုပြသ

အဆိုပါအဖွဲ့ဝင်များအား(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာနဒုတိယဝန်ကြီးဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြသည်။

ဆက်လက်၍ ပြည်တွင်း၊ပြည်ပ သတင်းစာဆရာများအား မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်၌ခင်းကျင်းပြသထားသော မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှထုတ်လုပ်သည့် ပုံသေဈေးနှုန်းဖြင့် ရောင်းချမည့် ကျောက်မျက်ကျောက်စိမ်းအချောထည်များ၊ လက်ဝတ်ရတနာများနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများကိုလည်းကောင်း၊ပုဂ္ဂလိကရတနာ အရောင်းဆိုင်များနှင့် ကျောက်ကပ် ပန်းချီဆိုင်များကိုလည်းကောင်း၊ ခန်းမ အဆောက်အအုံဝန်းကျင်၌ ခင်းကျင်း ပြသထားသော ကျောက်စိမ်း အရည်ကျောက်၊ အထည်ကျောက်၊ အသားကျောက်၊ အရိုင်းတုံးများနှင့် ထည်လုံးစိမ်းကျောက်စိမ်းအရိုင်းတုံးများကိုလည်းကောင်း၊ ခန်းမအပေါ်ဆုံးထပ်၌ ခင်းကျင်းပြသထားသော ဈေးပြိုင်ရောင်းချမည့် ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကိုလည်းကောင်း လိုက်လံကြည့်ရှုကြရာ ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးဦးမြင့်သိန်းနှင့်ဗဟိုကော်မတီဝင်များက ရှင်းလင်းပြသကြသည်။

သတင်းစာရှင်းလင်း

ထို့နောက် ကျောက်မျက်ရတနာခန်းမရှိ ဈေးပြိုင်ခန်းမ၌ ၂၀၀၅ ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် ဗဟိုကော်မတီဝင်များက ပြပွဲခင်းကျင်းပြသရောင်းချရေးနှင့် စပ်လျဉ်း၍ ပြည်တွင်း၊ ပြည်ပ သတင်းစာ ဆရာများအား သတင်းစာရှင်းလင်းပွဲ ကျင်းပသည်။

ရှေးဦးစွာ ၂၀၀၅ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ရှင်းလင်းပြောကြားရာတွင် ယခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲ၌ အရေအတွက်နှင့် အရည်အသွေးကောင်းမွန်သော ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် တင်ပြရောင်းချသွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက မိတ်ဆက်အမှာစကားပြောကြားသည်။

ပြန်လည်ဖြေကြား

ထို့နောက် ပြည်တွင်း၊ ပြည်ပ သတင်းစာဆရာများ၏ မေးမြန်းချက်များနှင့် စပ်လျဉ်း၍ ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြည်တွင်းပြည်ပမှ ရတနာကုန်သည် ၇၂၄ ဦးလာရောက်ကြည့်ရှု

ရန်ကုန် မတ် ၃၀

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူး၍ ယနေ့စတင်ကျင်းပသည့် ၂၀၀၅ ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ လာရောက်လျက်ရှိရာ ယနေ့တွင် ပြပွဲသို့ ပြည်ပနိုင်ငံ ခုနစ်နိုင်ငံ၊ ရတနာကုမ္ပဏီ ၁၄၃ ခုမှ ရတနာကုန်သည် ၅၀၇ ဦးနှင့် ပြည်တွင်းရှိ ရတနာကုမ္ပဏီ ၁၆၉ ခုမှ နိုင်ငံသားရတနာကုန်သည် ၂၁၇ ဦးစုစုပေါင်း ၇၂၄ ဦး လာရောက်ကြည့်ရှုကြသည်။

ပံ့ပိုးဆောင်ရွက်

အဆိုပါ ရတနာကုန်သည်များသည် ယနေ့နံနက် ၉နာရီမှ ညနေ ၅ နာရီအထိ ၂၀၀၅ ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာများကို လေ့လာကြည့်ရှုကြရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် သက်ဆိုင်ရာ ဆပ်ကော်မတီအတွင်းရေးမှူးများက လိုက်လံရှင်းလင်းပြသကြပြီး လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည်။

ထပ်မံရောက်ရှိ

ယနေ့ကျင်းပသော (၄၂)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသော ကျောက်စိမ်း၊ကျောက်မျက်နှင့် ပုလဲအတွဲများသည် ယခင်ပြပွဲများတွင် ခင်းကျင်းပြသခဲ့သည်တို့ထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ အရေအတွက်ပိုမိုများပြားခြင်းတို့ကြောင့် ပြည်တွင်း၊ပြည်ပမှ ရတနာကုန်သည်များ ပိုမိုစိတ်ဝင်စားကြပြီး အများအပြားလာရောက်ကြခြင်းဖြစ်သည်။ မတ် ၃၁ ရက်နှင့်ဧပြီ ၁ ရက်တို့တွင် ပြည်တွင်းပြည်ပ ရတနာကုမ္ပဏီများမှ ရတနာကုန်သည်များ ထပ်မံရောက်ရှိလာကြဦးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောင်စကြာ မိုးကုတ်ရိပ်သာ သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် မတ် ၃၀

သာကေတမြို့ အောင်စကြာမိုးကုတ်ရိပ်သာကြီး၌ သင်္ကြန်တွင်း ၁၀ရက် တရားစခန်းပွဲကို ဧပြီ ၈ရက်မှ ၁၇ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ တရားစခန်းပွဲအတွင်း အရဏ်ဆွမ်း၊ နေ့ဆွမ်း၊အချိုပွဲဖျော်ရည်လှူဒါန်းလိုသော စေတနာရှင်များ ဖုန်း- ၅၄၇၀၂၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ပြည်တွင်း၊ ပြည်ပ သတင်းစာဆရာများ ၂၀၀၅ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသော မြန်မာ့ကျောက်မျက်ရတနာများကို လှည့်လည်ကြည့်ရှုစဉ်။ (မြန်မာ့အလင်း)

၂၀၀၅ ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် စစ်သံမှူးများလေ့လာ

ရန်ကုန် မတ် ၃၀

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီကကြီးမှူးကျင်းပသည့် ၂၀၀၅ ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲခင်းကျင်းပြသမှုများကို ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များသည် ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အသီးသီး လာရောက်ကြည့်ရှုလေ့လာကြရာ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းများမှ တာဝန်ရှိသူများကကြိုဆိုကြပြီး ပြပွဲ၌ခင်းကျင်းပြသမှုများကို လိုက်လံရှင်းလင်းပြသကြသည်။ **(ဝဲပုံ)** **(သတင်းစဉ်)**



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်းလုံးနှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ ဧည့်ခံခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စင်ကာပူဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဂုဏ်ပြုညစာတည်ခင်းဧည့်ခံ

ရန်ကုန် မတ် ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလုံးနှင့်အဖွဲ့ဝင်များအား ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ ဧည့်ခံခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးလှသန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာတီဂျဆူဒါဆန်တို့ တက်ရောက်ကြသည်။

ဖျော်ဖြေ

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း အနုပညာရှင်များက မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသံသာများဖြင့်လည်းကောင်း၊ ညစာသုံးဆောင်အပြီးတွင် သဘင်ဆောင်၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အကတို့ဖြင့် လည်းကောင်း ဧည့်ခံဖျော်ဖြေကြသည်။

ဧည့်ခံဖျော်ဖြေပွဲအပြီးတွင် ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလုံးက ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး အနုပညာရှင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ **(သတင်းစဉ်)**

သဲအင်းဂူ သင်္ကြန်တွင်း အဓိဋ္ဌာန်တရားစခန်း ကျင်းပမည်

ရန်ကုန် မတ် ၃၀

ဇလွန်မြို့ ပြည်တော်ပြန် မြတ်စွာဘုရားကြီးအနီး မစိုးရိမ်ကျောင်းတိုက် သဲအင်းဂူရိပ်သာ အမှတ်စဉ်(၂၅)တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သဲအင်းဂူ ဝိပဿနာ အဓိဋ္ဌာန်တရားစခန်းပွဲကြီးကို ဧပြီ ၁ ရက်မှ ၁၇ ရက်အထိ ခုနစ်ရက်တိုင်တိုင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းပွဲတွင် (မူလ) ကျေးဇူးတော်ရှင် သဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တပည့်ရင်း ဆရာဦးမောင်ကြည်(ပန်းတနော်)က သဲအင်းဂူခန္ဓာကိုယ်တွေ့ ဝိပဿနာတရားတော်မြတ်ကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများသည် ဧပြီ ၁၀ ရက် ညနေ ၅ နာရီ ရိပ်သာသို့ လာရောက် ကြိုတင်စာရင်းပေးနိုင်သည်။ အချိန်ပိုင်းအားထုတ်နိုင်သည့်အပြင် အရဏ်ဆွမ်းနှင့် နေ့ဆွမ်းများကိုလည်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တပ်မတော်နေ့ပြပွဲ ပြည်သူများကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၃၀

နှစ်(၆၀)ပြည့် တပ်မတော်နေ့ပြပွဲကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ယနေ့ဆက်လက် ဖွင့်လှစ်ပြသသည်။

အထူးပြခန်း တစ်ခုဖြစ်သည့် တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၌ နေ့စဉ်မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲကို ကျင်းပပေးလျက်ရှိပြီး ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

ယနေ့ပြပွဲသို့ နိုင်ငံခြားသားများ အပါအဝင် ရဟန်းရှင်လူ ပြည်သူလူထု စုစုပေါင်း၂၀၀၀ကျော် လာရောက်ကြည့်ရှု လေ့လာကြသည်။ **(သတင်းစဉ်)**

မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ ကျင်းပသည့် ဆဋ္ဌမအကြိမ် အပြည်ပြည်ဆိုင်ရာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာပြပွဲ(၂၀၀၅)တွင် Cystem Computer Centre ပြခန်းကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာပြပွဲ ဆက်လက်ပြသ

ရန်ကုန် မတ် ၃၀

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းကျင်းပသည့် ဆဋ္ဌမအကြိမ် အပြည်ပြည်ဆိုင်ရာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာပြပွဲ(၂၀၀၅)ကို မတ်၃၀ရက်က မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဒုတိယမြောက်နေ့အဖြစ် ဆက်လက် ခင်းကျင်းပြသသည်။

ပြပွဲတွင် နိုင်ငံခြားကုမ္ပဏီပြခန်း ခြောက်ခုနှင့် ပြည်တွင်းကုမ္ပဏီ ၉၇ ခုမှ ပြခန်း၁၅၉ခန်းတို့၌ ကွန်ပျူတာနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်း အသစ်အဆန်းများ၊ Network ပစ္စည်းများ၊ Software Solution စသည်များကို ပြသထားပြီး ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

ပြပွဲကို မတ် ၃၁ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသထားမည်ဖြစ်ပြီး ပြပွဲလာပြည်သူများ သွားလာမှုအဆင်ပြေရေးအတွက် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီမှ ခရီးသည်တင် ဘတ်စ်ကားများကို မြန်မာကွန်ဗင်းရှင်းစင်တာသို့ ဝင်ရောက် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့အခမ်းအနားများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ စစ်ကြောင်းများက တိုင်းမှူးအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြု

ရန်ကုန် မတ် ၃၀

နှစ်(၆၀)ပြည့် တပ်မတော်နေ့အခမ်းအနားကို မတ် ၂၇ ရက် နံနက် ၇ နာရီက ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပရာ အခမ်းအနားသို့ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က နှစ် (၆၀)ပြည့် တပ်မတော်နေ့ မိန့်ခွန်း ပြောကြားပြီးနောက် စစ်ရေးပြ စစ်ကြောင်းတပ်ခွဲများသည် တိုင်းမှူးအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူးသည် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့်ကျင်းပသည့် မြိတ်မြို့ ဘုရားကိုင်တံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ အစီအစဉ်အရ မြိတ်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လက်ထောက်အင်ဂျင်နီယာ ဦးမင်းလှမြင့်က တံတားတည်ဆောက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နောက်လယ်ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းဝေ၊ ပြည့်ဖြိုးထွန်းကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးလှသန်းနှင့် တံတားတည်ဆောက်ရေးအဖွဲ့ခေါင်းဆောင် ဦးပန်းမြိုင်တို့က ဘုရားကိုင်တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါ ဘုရားကိုင်တံတားသည် အရှည် ၂၁၈ ပေ၊ အကျယ် ၁၈ ပေ၊ ခံနိုင်ဝန် တန် ၂၀ ရှိ သစ်သားတံတားဖြစ်ပြီး ပြည်သူများပူးပေါင်းပါဝင်မှုဖြင့် ငွေကျပ် ၁၄၈ သိန်းအကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ နှစ်(၆၀)ပြည့် တပ်မတော်နေ့အခမ်းအနားကို မတ် ၂၇ ရက် နံနက် ၇ နာရီက တြိဂံဒေသတိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက် မိန့်ခွန်းပြောကြားသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က နှစ်(၆၀)ပြည့် တပ်မတော်နေ့ မိန့်ခွန်းပြောကြားပြီး စစ်ကြောင်းတပ်ခွဲများက တိုင်းမှူးအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြ၍ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဂုဏ်ပြုညစာတည်ခင်း

ညပိုင်းတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲကို တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ကျင်းပရာ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိကြသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီးနောက် တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

ထို့အတူ နှစ်(၆၀)ပြည့် တပ်မတော်နေ့အခမ်းအနားကို မတ် ၂၇ ရက် နံနက်ပိုင်းက အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ အခမ်းအနားသို့ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မင်းအောင်လှိုင် တက်ရောက် မိန့်ခွန်းပြောကြားသည်။

အစီအစဉ်အရ စစ်ရေးပြစစ်ကြောင်း တပ်ခွဲများက တိုင်းမှူးအား အလေးပြုကြပြီး စစ်ရေးပြအစီအစဉ်များအတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် မင်းအောင်လှိုင်က နှစ် (၆၀) ပြည့် တပ်မတော်နေ့ မိန့်ခွန်းပြောကြားပြီးနောက် တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု ဆုရရှိသူကြများအား တိုင်းမှူးက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် စစ်ရေးပြစစ်ကြောင်း တပ်ခွဲများက တိုင်းမှူးအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အမ်းရိုးမခန်းမ၌ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုညစာစားပွဲကျင်းပရာ တိုင်းမှူးက တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့များ ဆွေးနွေးအကြံပြုချက်စာတမ်းများဖတ်ကြား

ရန်ကုန် မတ် ၃၀

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံတွင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။
(သတင်းစဉ်)

အဆိုပါအမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခါႈ)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခါႈ)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့ ၁၇ ဖွဲ့အပါအဝင် အခြားအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက် ၇နာရီခွဲမှစတင်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်တို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာသိန်းညွန့်(ညွန့်ဝေ–ကသာ)က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးမျိုးသန့်(မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစောဖီးလစ်(ခ)ဦးဖီးလစ်ဆမ်၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးလော်ဆင်ကွမ်း၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်ဒင်(ခ)ဦးထေးရယ်၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကြည်တင့်၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးဘိုသိန်း၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဒေါက်တာမနန်တူးဂျာတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

အစည်းအဝေးစတင်

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၁ ဦးရှိပြီး ၁၀၇၀ ဦးတို့ တက်ရောက်လာကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၉၈ ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးတင်ရီက နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။
(သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးသိန်းဌေးက နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။
(သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးတင်ထွေးက နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။
(သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးဝေမြင့်က နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံကြီး လုပ်ငန်းအဆင့်ဆင့်တိုးတက်

အစုအဖွဲ့အစည်းအဝေးများ၊ စုံညီအစည်းအဝေးမျ

စစ်မှန်သောပါတီစုံဒီမိုကရေစီထွန်းကားရေး ငြိမ်းချမ်းရေးအဖွဲ့မျာ

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇မှ

ထို့နောက် စုံညီအစည်းအဝေး အစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြရာတွင် ရှေးဦးစွာ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးတင်ရီက ဖတ်ကြားတင်ပြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀နာရီတွင်ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးသိန်းဌေးနှင့် ဦးတင်ထွေးတို့က ဖတ်ကြားတင်ပြကြပြီး နေ့လယ်စာသုံးဆောင်ရန် စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးဝေမြင့်နှင့် ဒေါက်တာဆွေဆွေအေးတို့က ဖတ်ကြားတင်ပြကြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မွန်းလွဲ ၂နာရီ ၂၅မိနစ်တွင် ဆက်လက်ကျင်းပရာ အခြား ဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဦးမင်းအိမ်က ၎င်းတို့အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့က ထောက်ခံအကြံပြုထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်ရမည့် နိုင်ငံတော်သမ္မတ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့်ပတ်သက်သည့် အသေးစိတ်အခြေခံရမည့်မူများ၊ ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာနှင့်ပတ်သက်သည့် အသေးစိတ်အခြေခံရမည့်မူများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏အုပ်ချုပ်မှုအခွင့်အာဏာနှင့်ပတ်သက်သည့် အသေးစိတ်အခြေခံရမည့်မူများကို ဖတ်ကြားတင်ပြသွားသည်။

၎င်း၏ဖတ်ကြားတင်ပြချက်များအနက်မှ ထုတ်နုတ်တင်ပြချက် အချို့မှာ မိမိတို့အစုအဖွဲ့ပါဝင်သည့် ကိုယ်စားလှယ် ၁၀၀ တို့၏ ကိုယ်စားစာတမ်းကို ညီလာခံကိုယ်စားလှယ်နှစ်ဦးက တင်ပြသွားမည်ဖြစ်ကြောင်း။

မိမိတို့ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်း၌ပါဝင်သောအချက်များကို မတင်ပြမီ အစုအဖွဲ့၏ ထူးခြားသည့် အင်္ဂါရပ်များကို အနည်းငယ်တင်ပြလိုကြောင်း။

မိမိတို့အစုအဖွဲ့၌ ငြိမ်းချမ်းရေးအဖွဲ့ ၁၇ဖွဲ့နှင့် အခြားအဖွဲ့များ အပါအဝင် စုစုပေါင်းအဖွဲ့ ၂၇ဖွဲ့ပါဝင်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယင်းအဖွဲ့များထဲ၌ ပါဝင်သည့် တိုင်းရင်းသားပေါင်းစုံကိုယ်စားလှယ်များက အမျိုးသားညီလာခံကြီး၏ ဦးတည်ချက် ခြောက်ချက်နှင့်အညီ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးနှင့် အမျိုးသားညီလာခံကြီး၏ လုပ်ငန်းစဉ် အသီးသီးနှင့်လုပ်ငန်းအဆင့်ဆင့်တိုးတက်ဖြစ်ပေါ်လာရေးအတွက် တက်တက်ကြွကြွ စိတ်ရောကိုယ်ပါ ပါဝင်ကြပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပျော်ရွှင်စွာ ဆွေးနွေးခဲ့ကြပါကြောင်းကို ပြောကြားလိုကြောင်း။

ဆွေးနွေးအကြံပြုချက်များနှင့်ပတ်သက်၍လည်း လွတ်လပ်စွာတင်ပြဆွေးနွေးခွင့်ရရှိခဲ့ကြကြောင်းကို ပြောကြားလိုကြောင်း၊ ချမှတ်ပြီးဖြစ်သည့် ဥပဒေပြုရေး အာဏာခွဲဝေမှုအပိုင်း၌ အကြံပြုချက် ၁၆ချက် ဖော်ပြပါရှိခဲ့သည့်အနက် မိမိတို့အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့မှ အကြံပြုချက် ခြောက်ချက်ပါဝင်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

မိမိတို့အစုအဖွဲ့၏ အကြံပြုတင်ပြချက်၊ ဆွေးနွေးချက်များကို လေ့လာကြည့်မည်ဆိုလျှင် အစုအဖွဲ့အစည်းအဝေး၌လည်းကောင်း၊ စုံညီအစည်းအဝေး၌လည်းကောင်း လွတ်လွတ်လပ်လပ်ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးများ၌လည်း ပွင့်ပွင့်လင်းလင်း တင်ပြခွင့်ရခဲ့ကြကြောင်း။

ယင်းတင်ပြအကြံပြုချက်များအပေါ် ဖြတ်တောက်ခြင်း၊ ပယ်ဖျက်ခြင်း မပြုဘဲ ဆွေးနွေးခဲ့သည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေရေးအပိုင်း အသေးစိတ်အခြေခံရမည့်မူများချမှတ်ရာတွင် နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေနိုင်သည့်အချက်များဖြစ်သည်နှင့်အညီ အခြေခံမူများအဖြစ် အတည်ပြုချမှတ်ခဲ့သည်ကို တွေ့ရကြောင်း။

ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်မှု မရှိသည့် အကြံပြုချက်၊ မရှင်းလင်းသည့်အချက်များအပေါ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်နှင့် လုပ်ငန်းကော်မတီတို့က ရှင်းပြခဲ့ကြောင်း။

အလေးအနက်ထားတင်ပြ

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးတို့အတွက် ငြိမ်းချမ်းရေးအဖွဲ့များပါဝင်သော အခြား ဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့သည် တပ်မတော်အစိုးရနှင့်ထာဝရလက်တွဲသွားမည်ဖြစ်ပြီး အမျိုးသားညီလာခံကြီးအောင်မြင်ပြီးမြောက်စေရေးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် ခိုင်မာတောင့်တင်းသည့် အခြေခံဥပဒေတစ်ရပ် ပီပီပြင်ပြင် ဖြစ်ပေါ်လာစေရေး တူညီသောဆန္ဒသဘောထားများရှိကြပါကြောင်းကိုလည်း အလေးအနက်ထား တင်ပြအပ်ပါကြောင်း။

အကျိုးပြုနိုင်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် နိုင်ငံသားတိုင်း၌ တာဝန်ရှိကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသည်လည်း နိုင်ငံတော်၏ တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကူညီစောင့်ရှောက်ပေးရန် တာဝန်ယူကြရမည်ဖြစ်ကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီမံကိန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် အပြန်အလှန် လေးစားမှုသရုပ်ကို ပေါ်လွင်စေကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ စီမံကိန်း တစ်ခုစီသည် စင်စစ်အားဖြင့် ပြည်ထောင်စု၏ စီမံကိန်းများနှင့် အဆက်အစပ်ရှိရှိ အကျိုးပြုစေနိုင်သည်ဖြစ်ကြောင်းကို လေ့လာသိရှိရကြောင်း။

ပြည်ထောင်စုအစိုးရ၏ မူများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရကို အုပ်ချုပ်ခွင့်အာဏာများအပ်နှင်းထားကြောင်း၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အကြား သက်ဆိုင်နေသည့် ကိစ္စရပ်များအတွက်လည်း လုံလောက်သည့် ဆက်သွယ်ရေးလမ်းကြောင်း၊ ဆက်သွယ်မှုပုံစံများ တည်ရှိနေကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ပြည်သူလူထု၏ အကျိုးစီးပွားကိုဖြစ်ထွန်းစေရန်အတွက် လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် လွှတ်တော်၏ ထိန်းကျောင်းမှုများကို ရှင်းလင်းစွာဖော်ပြထားသည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီက ရှင်းလင်းတင်ပြထားချက်များ၌ ပြည့်စုံမှုရှိသည်ကို လေ့လာ တွေ့ရှိရသည့်အတွက် မိမိတို့အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့မှ ကိုယ်စားလှယ်များက ထောက်ခံပါကြောင်း၊ အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်းကို တင်ပြပါကြောင်း။

၎င်းတို့မှာ–

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏အုပ်ချုပ်မှု အခွင့်အာဏာ

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအာဏာသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုနိုင်သော ကိစ္စရပ်များသို့ သက်ရောက်ပျံ့နှံ့သည်။ ထို့ပြင် ပြည်ထောင်စုဥပဒေတစ်ရပ်ရပ်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအား ဆောင်ရွက်ခွင့်ပြုသည့် ကိစ္စရပ်များသို့လည်း သက်ရောက်ပျံ့နှံ့သည်။

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကူညီရန်တာဝန်ရှိသည်။

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက ချမှတ်သည့် မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီမံကိန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၄။ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု၏ နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းအပေါ်အခြေပြုလျက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြဋ္ဌာန်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်။

နိုင်ငံ့ဝန်ထမ်းကိုယ် စား လှယ်များ အစုအဖွဲ့မှ ဒေါက် တာ ဆွေဆွေအေးက နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် မိမိတင်သွင်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းခြင်းမပြုနိုင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က နောက်ဆုံးပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ သာမန်အသုံးစရိတ် ခွင့်ပြုချက်ဘောင်အတွင်း သုံးစွဲခွင့်ရှိသည်။

၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြု

ဝင့်ဆင့်တိုးတက်ဖြစ်ပေါ်လာရေး တိုင်းရင်းသားပေါင်းစုံကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးခဲ့
စည်းအဝေးများ၌ လွတ်လွတ်လပ်လပ်ဆွေးနွေးခဲ့ကြပြီး ပွင့်ပွင့်လင်းလင်းတင်ပြခွင့်ရခဲ့

မ်းချမ်းရေးအဖွဲ့များပါဝင်သော အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့ တပ်မတော်အစိုးရနှင့်လက်တွဲသွားမည်

စာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သည့် ဥပဒေကြမ်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းနိုင်သည်။

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများနှင့် ယင်းတို့၏ လက်အောက်အစိုးရဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရန်လည်းကောင်း၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရန်လည်းကောင်း စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းပြုရမည်။

(ခ) မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ဥပဒေနှင့်အညီ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းပြုနိုင်သည်။

၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပြည်ထောင်စုဥပဒေနှင့်အညီလည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့် ကြိုတင်ညှိနှိုင်း၍လည်းကောင်း၊ မိမိတာဝန်ယူအကောင်အထည်ဖော်ရသည့်လုပ်ငန်းများကိုဆောင်ရွက်နိုင်ရန်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆိုင်ရာ နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

(ခ) လိုအပ်သော နယ်ဘက်ဝန်ထမ်းများကို ခန့်အပ်နိုင်သည်။

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည်-

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က အခါအားလျော်စွာ ချမှတ်သည့်အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ မိမိ၏အရေးယူဆောင်ရွက်ချက်များကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ ပြန်လည်အစီရင်ခံရမည်။

(ခ) မိမိနယ်မြေဒေသ၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ပြည်ထောင်စုအစိုးနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့တင်ပြရမည်။

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက အခါအားလျော်စွာ ပေးအပ်လာသည့်လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

ဟူ၍ အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်းကို တင်ပြအပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသွားသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဦးခွန်တင်ထွဋ်က ၎င်းတို့အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့က ထောက်ခံအကြံပေးထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်ရမည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ အုပ်ချုပ်မှုအခွင့်အာဏာနှင့်ပတ်သက်သည့် အသေးစိတ်အခြေခံရမည့်မူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်သည့် အသေးစိတ်အခြေခံရမည့်မူများ၊ တရားစီရင်ရေးဆိုင်ရာအာဏာခွဲဝေမှုနှင့်ပတ်သက်သည့် အသေးစိတ်အခြေခံရမည့်မူများကို ဖတ်ကြားတင်ပြသွားသည်။

၎င်း၏ဖတ်ကြားတင်ပြချက်များအနက်မှ ထုတ်နုတ်တင်ပြချက်အချို့မှာ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်း၌ပါရှိသည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများကို ထောက်ခံတင်ပြခဲ့ပြီးဖြစ်ကြောင်း။

ယခုတင်ပြချက်များသည် မိမိတို့ အစုအဖွဲ့၌ပါဝင်သည့် ကိုယ်စားလှယ် အားလုံး၏ တစ်စိတ်တစ်ဝမ်းတည်း ပေါင်းစပ်တင်ပြခြင်းဖြစ်ပါကြောင်း၊ စာတမ်းပြုစုရေးသားရာတွင်လည်း-

၁။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဦးတည်၍လည်းကောင်း၊

၂။ အမျိုးသားညီလာခံအောင်မြင်ရေးအတွက်လည်းကောင်း၊

၃။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အမြန်ပေါ်ပေါက်ရေးအတွက်လည်းကောင်း

ရည်မှန်းချက်ထားရှိပြီး ရေးသားခဲ့ကြပါကြောင်း။

မိမိတို့စာတမ်းပါ အချက်အလက်များနှင့် အစုအဖွဲ့၏စုစည်းညီညွတ်မှုစွမ်းအားများသည် အမျိုးသားညီလာခံအောင်မြင်ရေးအတွက် တစ်စုံတစ်ရာ

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး)ဦးသန်းအောင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်တို့က ဆောင်ရွက်စဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ၊ ညီလာခံ ကိုယ်စားလှယ်များအား တွေ့ရစဉ်။

(သတင်းစဉ်)

အကျိုးပြုနိုင်မည်ဖြစ်ပါကြောင်းကိုတင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ညနေ၃နာရီ ၂၅မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို မတ် ၃၁ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဦးမင်းအိမ်က ၎င်းတို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က ထောက်ခံအကြံပြုထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်ရမည့် နိုင်ငံတော်သမ္မတ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့်ပတ်သက်သည့် အသေးစိတ်အခြေခံရမည့်မူများ၊ ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာနှင့်ပတ်သက်သည့် အသေးစိတ်အခြေခံရမည့်မူများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာနှင့် ပတ်သက်သည့် အသေးစိတ်အခြေခံရမည့်မူများကို ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဦးခွန်တင်ထွဋ်က ၎င်းတို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က ထောက်ခံအကြံပြုထားသည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်ရမည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ အုပ်ချုပ်မှုအခွင့်အာဏာနှင့်ပတ်သက်ပြီး အသေးစိတ်အခြေခံရမည့်မူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်သည့် အသေးစိတ်အခြေခံရမည့်မူများ၊ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုနှင့်ပတ်သက်ပြီး အသေးစိတ်အခြေခံရမည့်မူများကို ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

ဘေးပြောတာမယုံနဲ့ သွေးပြောတာယုံ

ဘကြီးဖြိုး – လာဟော့ ရောက်လာတာနဲ့အတော်ပဲ၊ မင်းအဒေါ်လုပ်ထားတဲ့ ထားဝယ်ရိုးရာ မုန့်ဆီဒိုးခွာတွေရှိတယ်။ ရေနွေးလဲ အဆင်သင့်ပဲ။

ကျွန်တော် – အလုပ်ကိစ္စနဲ့ ခရီးလွန်နေလို့၊ အဒေါ့် လက်ရာဆိုတော့ သိပ်ကောင်းမှာပေါ့။

ဘကြီးဖြိုး – ဒါနဲ့ ပြောရဦးမယ်၊ ယခုရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းမှာ ကျင်းပပြုလုပ်နေတဲ့ အမျိုးသားညီလာခံနဲ့ ပတ်သက်ပြီး ပြည်တွင်းမှာရော ပြည်ပမှာပါ အမျိုးမျိုး ဝေဖန်ပြောဆိုနေတာ ကြားရတယ်။

ကျွန်တော် – ဘယ်သူတွေက ဘာများပြောဆိုနေလို့လဲ။

ဘကြီးဖြိုး – ဖေဖော်ဝါရီလ ၁၉ ရက်နေ့ည RFA ရဲ့ မြန်မာပိုင်းအသံလွှင့်အစီအစဉ်မှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မစ္စတာရစ်ချက်ဘောင်ချာဆိုတဲ့ ပုဂ္ဂိုလ်က ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲမှာ အနိုင်ရခဲ့တဲ့ NLD ပါတီနဲ့ ပါတီခေါင်းဆောင် ဒေါ်စုကြည်တို့ တက်ရောက်ခြင်းမရှိတဲ့ အမျိုးသားညီလာခံကို အသိအမှတ်မပြုနိုင်ဘူးဆိုပြီး ပြောခဲ့တာကို ကြားလိုက်ရတယ်။ ဒါနဲ့ ပတ်သက်ပြီး မင်းအနေနဲ့ ဘယ်လိုမြင်မိလဲ။

ကျွန်တော် – ဘယ်လိုမှ မမြင်မိဘူး။ ဒီလိုပြောဆိုမှုတွေဟာ သူတို့နယ်ချဲ့ အုပ်စုနဲ့ လက်ဝေခံအဖွဲ့တွေရဲ့ လုပ်ရိုးလုပ်စဉ်အလုပ်တွေပဲဖြစ်တယ်။ ဒီလို ပြောဆိုလုပ်ကိုင်မှုတွေဟာ ဒီခေတ်မှာသာ မဟုတ်ဘူး၊ ဟိုလွန်ခဲ့တဲ့ ကိုလိုနီခေတ်မှာလဲ ခုလိုပဲပြောခဲ့တာ တွေ့ရတယ်။

ဘကြီးဖြိုး – ကိုလိုနီခေတ်မှာ ဘာတွေလုပ်ခဲ့ကြလို့လဲ။

ကျွန်တော် – ကျွန်တော်တို့နိုင်ငံကို နယ်ချဲ့အင်္ဂလိပ်တွေက မတရားကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲခဲ့လို့ ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့မှာ နယ်ချဲ့လက်အောက် ကျွန်ဘဝကျရောက်ခဲ့ရတယ်။ သူတို့ကျင့်သုံးတဲ့ Divide and Rule ဆိုတဲ့ ပေါ်လစီအရ ပြည်မနဲ့ပြည်နယ်တောင်တန်းဒေသတွေအပေါ် ခွဲခြားအုပ်ချုပ်ခဲ့တယ်။ ခွဲခြားတဲ့ ဥပဒေတွေကိုလဲ ပြဋ္ဌာန်းခဲ့တယ်။ တိုင်းရင်းသားလူမျိုးအချင်းချင်းအပေါ် သွေးခွဲ အုပ်ချုပ်နိုင်ဖို့နဲ့ လူမျိုးတစ်မျိုးနဲ့တစ်မျိုး သံသယဖြစ်အောင် လုပ်ကြံဇာတ်လမ်းတွေကို တီထွင်ဖန်တီးခဲ့ကြတယ်။ ဥပမာ ကရင်–ဗမာ မုန်းတီးရေးအတွက် ရွှေဂျိုးဖြူမူလခဲဇာတ်လမ်း၊ ရှမ်း–ဗမာသံသယရှိစေမယ့် စောမွန်လှဇာတ်လမ်း၊ ချင်းနဲ့ ဗမာ သွေးခွဲရေးအတွက် ချင်းကလေးဖဝေး စတဲ့ ဇာတ်လမ်းမျိုးတွေကို လုပ်ကြံဖန်တီးခဲ့တယ်။ တကယ့်ဖြစ်ရပ် သဘောမျိုးနဲ့ ပြည်သူ့နယ်ပယ်အတွင်း ဖြန့်ချိခဲ့တယ်။

ဘကြီးဖြိုး – ဟုတ်တယ်။

ကျွန်တော် – ထားဝယ်ဒေသမှာရှိတဲ့ ခလေ့ ထုံးစံအရ စပါးပေါ်ပြီး ကောက်သစ်စားပွဲ ကျင်းပချိန်မှာ ကြက်နဲ့ပွဲတင်ပသမှုကို အကြောင်းပြုပြီး တိုင်းရင်းသား အချင်းချင်း အထင်မှားစေမယ့် ထားဝယ်ရိုးကြက်ခိုးဆိုတဲ့ စကားကို လုပ်ကြံဖန်တီးခဲ့တယ်။ အလားတူ မြွေကိုက်ရင် ရခိုင် ငှက်ပျောပင်ကိုခုတ်ပြီး မြွေကိုက်တဲ့နေရာမှာ အုံပေးခဲ့ရင် ငှက်ပျောပိုင်းပြတ်က အနာမှာရှိတဲ့ အဆိပ်ပါတဲ့သွေးကို စုပ်ယူတဲ့သဘောရှိတဲ့ အတွက် မြွေကိုက်ခံရတဲ့လူအနေနဲ့ အနာသက်သာခဲ့ရတယ်။ ဒါကိုပဲ လုပ်ကြံပြီး ရခိုင်နဲ့မြွေပွေး ရခိုင်ကို အရင်သတ်ဆိုတဲ့စကားကို လုပ်ကြံဖန်တီးခဲ့တယ်။ ဒါတွေကို လေ့လာမယ်ဆိုရင် နယ်ချဲ့တွေဟာ ဒီလိုသွေးခွဲတဲ့ နည်းမျိုးစုံနဲ့ သူတို့ရဲ့ ကိုလိုနီ နယ်ပယ်တွေအပေါ် ကျွန်သက် ရှည်စွာ အုပ်ချုပ်နိုင်ဖို့အတွက် လုပ်ကြံဖန်တီးခဲ့တာ တွေ့ရတယ်။

ဘကြီးဖြိုး – အဲဒီနယ်ချဲ့တွေ ညစ်ပတ်တဲ့နည်းမျိုးစုံနဲ့ ဘယ်လိုပဲလုပ်လုပ်၊ ဒို့တိုင်းရင်းသားအချင်းချင်း သွေးကစကားပြောတဲ့အချိန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားကောင်းချိန်မှာ ဒီကောင်တွေ အိမ်ပြန်သွားခဲ့ရတာပဲ မဟုတ်လား။

ကျွန်တော် – ဟုတ်ပါတယ်၊ နယ်ချဲ့အင်္ဂလိပ်အစိုးရထံ လွတ်လပ်ရေးတောင်းဆိုဖို့အတွက် မျိုးချစ်တိုင်းရင်းသားခေါင်းဆောင်တွေ ပြည်နယ် နဲ့တောင်တန်းဒေသတွေဆီ ခရီးထွက်ခဲ့ကြတယ်။ ဒီခရီးစဉ် အပေါ် ပြည်နယ်နဲ့တောင်တန်းဒေသရှိ တိုင်းရင်းသား လူမျိုးတွေက ကြိုဆိုခဲ့ကြပြီး နယ်ချဲ့ထံမှ လွတ်လပ်ရေးတောင်းဆို ဖို့အတွက် ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့ကြတယ်။ ဒီလို ပူးပေါင်းဖို့ ပြင်ဆင်နေဆဲမှာ နယ်ချဲ့ကိုယ်စားလှယ်တွေက ရှမ်းပြည်နယ်ခေါင်းဆောင် တွေဆီ လာရောက်ပြီး မြန်မာပြည် အခြေအနေဆိုးနေတယ်။ မိမိတို့ဒေသကို ပြန်သွားရင် ကောင်းမယ်။ မြန်မာပြည်နဲ့မပေါင်းဘဲ သီးခြားနေမယ်ဆိုရင် အထူးထောက်ပံ့ငွေများကို လိုသလောက်ပေးမယ်ဆိုပြီး ဖြားယောင်းသွေးဆောင်ခဲ့ကြတယ်။ ဒီပြောဆိုချက်တွေကို တိုင်းရင်းသားခေါင်းဆောင်တွေက လက်မခံဘဲ ၁၉၄၇ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်နေ့ ရှမ်းပြည်နယ် ပင်လုံမြို့မှာ တိုင်းရင်းသားခေါင်းဆောင်တွေအားလုံး သမိုင်းဝင် ပင်လုံစာချုပ်ကို တညီတညွတ်တည်း ချုပ်ဆိုနိုင်ခဲ့ကြတယ်။

ဘကြီးဖြိုး – ဆက်ပါဦး။

ကျွန်တော် – ပင်လုံစာချုပ်ချုပ်ဆိုပြီးနောက်ပိုင်း ဗြိတိသျှပါလီမန်မှာ လေဘာအစိုးရက မြန်မာပြည်လွတ်လပ်ရေးဥပဒေမူကြမ်းကို တင်သွင်းခဲ့တယ်။ ဒီလိုတင်သွင်းခဲ့တာနဲ့ ပတ်သက်ပြီး ပါလီမန်မှာ အတိုက်အခံဖြစ်နေတဲ့ ယခင်ဗြိတိသျှဝန်ကြီးချုပ်ဟောင်း ဆာဝင်စတန်ချာချီက မြန်မာပြည်ကို လွတ်လပ်ရေးပေးခြင်းဟာ မြန်မာပြည်သူပြည်သားအချင်းချင်း သွေးချောင်းစီးစေခြင်းပဲဖြစ်လိမ့်မယ်ဆိုပြီး ပြစ်တင်ပြောဆိုခဲ့တယ်။ သူ့ရဲ့ ပြောဆိုမှုကို လက်တွေ့ အကောင်အထည်ဖော်နိုင်ဖို့အတွက် သူလျှိုနှစ်ဦးကို မြန်မာနိုင်ငံထဲ စေလွှတ်ခဲ့တယ်။

ဘကြီးဖြိုး – သူလျှိုနှစ်ဦးက ဘယ်သူတွေလဲ။

ကျွန်တော် – Lt. Col .J.C Tulloch ဆိုတဲ့ပုဂ္ဂိုလ်နဲ့ Ian Campbell ဆိုတဲ့ ပုဂ္ဂိုလ်နှစ်ဦးဖြစ်ကြတယ်။ သူတို့နှစ်ဦးဟာ ယခင် ဗြိတိသျှ ထောက်လှမ်းရေးတပ်ဖွဲ့ Force 136 နဲ့ အဆက်အသွယ်ရှိခဲ့ပြီး Daily Mail သတင်းစာတိုက်မှာ သတင်းထောက်အဖြစ် လုပ်ကိုင်နေကြသူတွေ ဖြစ်တယ်။ ဒီပုဂ္ဂိုလ်တွေကို မစေလွှတ်ခင် တိုင်းရင်းသားခေါင်းဆောင် တချို့ကို နယ်ချဲ့ ကိုယ်စားလှယ်တွေက တစ်ဖက်လှည့်နဲ့ စည်းရုံးသိမ်းသွင်းခဲ့တယ်။

ဘကြီးဖြိုး – နယ်ချဲ့တွေရဲ့ သွေးခွဲမှုလုပ်ရပ်က သိပ်ပီပြင်တယ်လို့ ဆိုရမယ်။

ကျွန်တော် – ဒီလိုနဲ့ ၁၉၄၈ခုနှစ် ဇူလိုင်လမှစပြီး နိုင်ငံအနှံ့ ဆူပူမှုတွေကို စတင်ဖြစ်ပွားခဲ့တယ်။ အဲဒီအရင်မှာ ဗကပတွေက တောခိုခဲ့ပြီး

အောင်သိမ်း(ထားဝယ်)

ဖြစ်တယ်ဆိုတော့ လွတ်လပ်ရေးရပြီး ရက်ပေါင်း၁၀၀ အတွင်းမှာ ပြည်တွင်းစစ် ဖြစ်ခဲ့တာပဲ။

ဘကြီးဖြိုး – ပြည်တွင်းစစ်ဖြစ်ရခြင်းရဲ့ အဓိကတရားခံ ရန်သူနယ်ချဲ့ကို မရှာဘဲ ကိုယ့်အချင်းချင်း ဇာတ်တူသားစား သွေးချောင်းစီး တိုက်ခိုက်နေကြတော့ ဟသ်ာကိုးသောင်းဇာတ် ဖြစ်ခဲ့ကြတာပေါ့။

ကျွန်တော် – ဟုတ်ပါတယ်။ ဒီကိစ္စမှာ အဓိကရန်သူဟာ နယ်ချဲ့အင်္ဂလိပ် ဖြစ်တယ်။

ဘကြီးဖြိုး – ဆက်ဆွေးနွေးရဦးမယ်၊ ယခုကျင်းပနေတဲ့ အမျိုးသားညီလာခံနဲ့ အချိန်ကိုက်ပြီး တစ်ချိန်တည်းမှာ ပြည်ပအသံလွှင့်ဌာနတွေဖြစ်တဲ့ BBC, VOA, RFA, DVB တို့က နိုင်ငံအတွင်းရှိ တိုင်းရင်းသားတွေကို သူတို့အနောက်အုပ်စု လေသံအတိုင်း ဖက်ဒရယ်မူ ကျင့်သုံးရေးအတွက် မြှောက်ပင့်ပြီး အသံလွှင့်ပေးနေတာ ကြားနေရတယ်။ အလားတူ ၁၉၆၂ခုနှစ် မတိုင်မီကလဲ ရှမ်းပြည်နယ်မှ တင်သွင်းခဲ့တဲ့မူဆိုတာ ဖက်ဒရယ်မူလို့ သိရတယ်။ ဖက်ဒရယ်မူအကြောင်း မင်းသိသမျှ ဆက်ဆွေးနွေးပေးပါဦး။

ကျွန်တော် – အင်္ဂလန်နိုင်ငံ အောက်စဖို့တက္ကသိုလ်မှ ၁၉၅၃ ခုနှစ်အတွင်း ထုတ်ဝေဖြန့်ချိခဲ့တဲ့ K.C Wheare ရေးသားတဲ့ Federal Government ဆိုတဲ့စာအုပ်ထဲမှာ "ဖက်ဒရယ်ပြည်ထောင်စုဟူသည် မိမိတို့၏ ပင်ရင်းလွတ်လပ်ရေးကို များစွာထိခိုက်ဆုံးပါးစေခြင်းမရှိဘဲ အကျိုးတူ ရည်မှန်းချက်များအလို့ငှာ

> နိုင်ငံကို ပြိုကွဲပျက်စီးအောင် ယခင်ရော ယခုပါလုပ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ နယ်ချဲ့နဲ့ နယ်ချဲ့ရဲ့ လက်ပါးစေပုဆိန်ရိုးတွေ ဖြစ်ကြတယ်။ အလားတူ ပဒေသရာဇ်စနစ်ကို နောက်ပြန်သွားလိုတဲ့ ဖောက်ပြန်ရေးသမားတွေ ဖြစ်တယ်လို့ဆိုရမယ်။

လွတ်လပ်သည့် ပြည်နယ်များ စုပေါင်းထားခြင်းပင်ဖြစ်သည်။ အဖွဲ့ဝင် မည်သည့်ပြည်နယ်မဆို (ပြည်ထောင်စု)ထဲမှ မိမိတို့ ဆန္ဒအလျောက် ခွဲထွက်နိုင်ခွင့်ရှိသည်" ဆိုပြီး ဖက်ဒရယ်မူနဲ့ ပတ်သက်တဲ့ အဓိပ္ပာယ်ကို အဲဒီလို ရေးသားထားတာ ကျွန်တော် ဖတ်ရှုခဲ့ဖူးတယ်။

ဘကြီးဖြိုး – စကားလုံးလှလှ အဓိပ္ပာယ်ကောင်းကောင်းဆိုတော့ ဒီမူဟာ လူတိုင်းကြိုက်တဲ့ ရေသန့်ဘူးဖြစ်ပြီပေါ့။

ကျွန်တော် – မထင်နဲ့ဦးလေး၊ ဒီမူဟာ တကယ့်မီးဆိုမှမီးပဲ။ မြို့ထဲမှာ မီးလောင်တယ်ဆိုရင် အကန့်အသတ်နဲ့ ရှိချင်ရှိဦးမယ်။ ဒီဖက်ဒရယ်မူမီးလောင်ခဲ့ရင်တော့ ပြည်ထောင်စုတစ်ခုလုံး ပြိုကွဲပြီး တိုင်းရင်းသားပြည်သူတွေအားလုံး ဒုက္ခရောက်နိုင်တယ်။ ဒီဖက်ဒရယ်မီးလောင်ခဲ့လို့ ၁၈၆၁–၁၈၆၅ခုနှစ် အတွင်း အမေရိကန် ပြည်ထောင်စုမှာ ပြည်တွင်းစစ်ဖြစ်ခဲ့ပြီး အမေရိကန်ပြည်သူတွေရဲ့ အသက်စည်းစိမ် အိုးအိမ်တွေ ပျက်စီးခဲ့ရတယ် ဦးလေး။

ဘကြီးဖြိုး – ဒါနဲ့မေးရဦးမယ်၊ ကမ္ဘာပေါ်မှာ ဒီမူကိုအခြေခံပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲခဲ့တဲ့နိုင်ငံတွေ ဘယ်လောက်ရှိနေလဲ။

ကျွန်တော် – သိရသလောက် ပြောရရင်အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဩစတြေးလျ၊ တောင်အာဖရိက၊ အိန္ဒိယနဲ့ ဆွစ်ဇာလန်နိုင်ငံတို့လောက်ပါပဲ။

ဘကြီးဖြိုး – ဒါဆိုရင် အဲဒီနိုင်ငံတွေမှာ ဒီဖက်ဒရယ်မူအတိုင်း လိုက်နာကျင့်သုံး နေတယ်လို့ ဆိုရမှာပေါ့။

ကျွန်တော် – ဘယ်နိုင်ငံမှာမှ ဒီမူအတိုင်းကျင့်သုံးတာ မတွေ့ရဘူး။ စာရွက်ပေါ်မှာပဲရှိနေတာပါ။ ဒီမူကို အခြေခံတဲ့ Federal Union ဆိုတဲ့ ပြည်ထောင်စုစစ်စစ် နိုင်ငံဆိုတာ မရှိသလောက်ပါပဲ။ အဲဒီနိုင်ငံတွေအနေနဲ့ Unitary State ဆိုတဲ့ တစ်ပြည်ထောင်စနစ်နဲ့ပဲ သွားလာလုပ်ဆောင်နေတာ တွေ့ရပါတယ်။

ဘကြီးဖြိုး – ၁၉၆၂ခုနှစ် မတိုင်မီ ပထစအစိုးရလက်ထက်မှာ ရှမ်းပြည်နယ်က တင်သွင်းခဲ့တဲ့ ဖက်ဒရယ်မူဆိုတာ ဘယ်ရည်ရွယ်ချက်နဲ့ ဘာဖြစ်လို့ တင်သွင်းခဲ့တာလဲ။

ကျွန်တော် – အမှန်ပြောရရင် ၁၉၄၇ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ(၂၀၂)မှာ ဖော်ပြခဲ့တဲ့ "လွတ်လပ်ရေးရရှိပြီး ၁၀နှစ်ကြာလျှင် ပြည်နယ်များအနေဖြင့် ပြည်ထောင်စုထဲမှခွဲထွက်လိုက ခွဲထွက်နိုင်ခွင့်ရှိသည်" ဆိုတဲ့ ဥပဒေကို ရည်ညွှန်းပြီး ခွဲထွက်ဖို့ကြိုးစားခဲ့ခြင်းသာ ဖြစ်တယ်။ ဒီလိုခွဲထွက်နိုင်ဖို့အတွက် ဖက်ဒရယ်မူကို တင်သွင်းခဲ့ခြင်းပဲ ဖြစ်တယ်။

ဘကြီးဖြိုး – ဆက်ရှင်းပြပါဦး။

ကျွန်တော် – ဒီမူနဲ့ ပတ်သက်ပြီး ရှမ်းပြည်နယ်ရှိ ရိုးသားတဲ့ ပြည်သူတွေရဲ့ ဆန္ဒတွေပါရှိခဲ့တာ မဟုတ်ဘူး။ စော်ဘွားတွေနဲ့ သူ့ရဲ့ အဆက်အနွယ်တွေရဲ့ အကျိုးစီးပွားအတွက် ရည်ရွယ်ပြီး တင်သွင်းခဲ့တယ်လို့ ပြောရမှာ ဖြစ်တယ်။ နိုင်ငံရေးစကားနဲ့ ပြောရရင် ပဒေသရာဇ်စနစ်ရဲ့ နောက်ဆုံး ဖောက်ပြန်မှု ဖြစ်တယ်လို့ဆိုနိုင်တယ်။

ဘကြီးဖြိုး – ၁၉၆၂ခုနှစ် မတ်လ ၂ရက်နေ့မှာ တပ်မတော်က ပထစအစိုးရထံမှ အာဏာသိမ်းယူခဲ့တာ ဘာကြောင့်လဲ။ ဖက်ဒရယ်မူကြောင့်လား၊ ဒါမှမဟုတ် တခြားကိစ္စတွေကြောင့်လားဆိုတာ မင်းသိခဲ့ရင် ဆက်ပြီး ရှင်းပြပေးပါလား။

ကျွန်တော် – ဖက်ဒရယ်မူကြောင့် ပြည်ထောင်စုကြီးပြိုကွဲသွားမှာစိုးလို့ တပ်မတော်က အာဏာသိမ်းယူခဲ့ရတာပါ။ တခြားကိစ္စ ဘာမှမရှိပါဘူး။

ဘကြီးဖြိုး – မင်းမှာ အခုလို ပြောဆိုနိုင်တာဟာ ဘယ်လိုအထောက်အထားတွေများ ရှိထားလို့လဲ။

ကျွန်တော် – ရှိပါတယ်၊ စာနယ်ဇင်းမှ ထုတ်ဝေတဲ့ (၁၉၅၈–၆၂) မြန်မာ့နိုင်ငံရေး စတုတ္ထတွဲမှာဖတ်ရင် သိနိုင်တယ်။ ၁၉၅၆ခုနှစ် မိုင်းရယ်မြို့မှာ ကျင်းပပြုလုပ်တဲ့ စော်ဘွားများရဲ့ ညီလာခံက ပြည်ထောင်စုမှ ရှမ်းပြည်နယ် ခွဲထွက်ပြီး ရှမ်းသမ္မတ နိုင်ငံ ထူထောင်ဖို့ဆိုတဲ့ ဆုံးဖြတ်ချက်တစ်ခုကို အတည်ပြုခဲ့ကြတယ်။ ၁၉၅၇ခုနှစ် လားရှိုးမြို့မှာ ကျင်းပခဲ့တဲ့ စော်ဘွားများရဲ့ ညီလာခံက ဒီဆုံးဖြတ်ချက်ကို ထပ်မံအတည်ပြုခဲ့တဲ့ အပြင် ခွဲထွက်ခွင့်ကိစ္စအတွက် ဒီမိုကရေစီနည်းနဲ့မရခဲ့ရင် လက်နက်ကိုင် တော်လှန်ရေးလမ်းစဉ်နဲ့ ခွဲထွက်မယ်လို့လဲ ဆွေးနွေးခဲ့ကြတယ်။ ၁၉၅၈ခုနှစ် မေလ ၁၈ရက် တောင်ကြီးမြို့မှာ ကျင်းပပြုလုပ်တဲ့ ရှမ်းပြည်နယ်ကောင်စီ အစည်းအဝေးမှာ ယခင်နိုင်ငံခြားရေးဝန်ကြီးဖြစ်ခဲ့တဲ့ပြည်နယ်ဥက္ကဋ္ဌက ဖဆပလ နှစ်ခြမ်းကွဲခြင်းဟာ ရှမ်းပြည်နယ် ခွဲထွက်ဖို့အတွက် အခြေခံကောင်းတွေဖြစ်ပေါ်စေခဲ့တယ်။ ဒါဟာ ပြည်နယ်အတွက် သိပ်အရေးကြီး တဲ့ကိစ္စဖြစ်တယ်။ ပြည်နယ်ရဲ့နစ်နာချက်တွေကို အရေးကြီးကိစ္စတစ်ရပ်အဖြစ် အစိုးရထံ တင်ပြရမယ်လို့ ပြောဆိုသွားခဲ့တယ်။

ဘကြီးဖြိုး – စိတ်ဝင်စားစရာပဲ။

ကျွန်တော် – ၁၉၅၉ခုနှစ်မှာ စော်ဘွားတွေ အာဏာစွန့်ခဲ့ရတယ်။ အာဏာစွန့်စော်ဘွားတွေအတွက် အစိုးရက လျော်ကြေးတွေပေးခဲ့ပေမယ့် စော်ဘွားတွေက အစိုးရအပေါ် ကျေနပ်မှုမရှိခဲ့ဘူး။ မြန်မာနိုင်ငံရဲ့ ပထမဆုံးသမ္မတကြီးဖြစ်တဲ့ ညောင်ရွှေစော်ဘွားကြီးဆိုရင် အာဏာစွန့်ပွဲကို မတက်တဲ့အပြင် အာဏာစွန့်ခဲ့တဲ့ စော်ဘွားတွေကို ရှမ်းပြည်နယ် ရောင်းစားခဲ့တဲ့ ပုဂ္ဂိုလ်တွေလို့ စွပ်စွဲပြောဆိုခဲ့တယ်။ စော်ဘွားတွေ အာဏာမစွန့်လွှတ်ခင် မိုင်းရယ်ညီလာခံရဲ့ ဆုံးဖြတ်ချက်အတိုင်း အကောင်ထည်ဖော်နိုင်ဖို့ လျှို့ဝှက်စွာနဲ့ လူသူလက်နက်ခဲယမ်းတွေ စုဆောင်းခဲ့ကြတယ်။ ၁၉၅၉ခုနှစ် နိဝင်ဘာလ အာဏာစွန့်ပွဲ ပြီးဆုံးတဲ့အခါ ရှမ်းပြည်နယ်မှာ သောင်းကျန်းသူတွေ ပေါ်လာခဲ့တာပဲ။

ဘကြီးဖြိုး – ဆက်ရှင်းပြပါဦး။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

စွမ်းအင်ဝန်ကြီး ကမ်းလွန်ရေနံလုပ်ကွက်များစစ်ဆေး ရခိုင်ဒေသ၌သဘာဝဓာတ်ငွေ့စက်ရုံများတည်ဆောက်ရေးစီစဉ်လျက်ရှိ

ရန်ကုန် မတ် ၃၀

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းက ရခိုင်ကမ်းလွန်ဒေသလုပ်ကွက်အမှတ် A-1တွင် အကဲဖြတ်တူးဖော်ရေးတွင်းအမှတ် ရွှေဖြူ(၂) အောင်မြင်စွာတူးဖော်ပြီးစီးမှုနှင့် စမ်းသပ်ခြင်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရေးဦးစွာ ကမ်းလွန်တွင်းတူးစက် Atwood Southern Cross (Semi-Submersible) ပေါ်ရှိ ရှင်းလင်းဆောင်တွင် ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်းမှ Managing Director ဖြစ်သူ Dr.Su Yeong Yang က အကဲဖြတ်တွင်းအမှတ် ရွှေဖြူ(၂)ကို အောင်မြင်စွာတူးဖော်စမ်းသပ်နိုင်ခဲ့မှုအခြေအနေနှင့် အလားအလာများကို ရှင်းလင်း တင်ပြသည်။

ထို့နောက် ဝန်ကြီးနှင့်စွမ်းအင်ဝန်ကြီးဌာန တာဝန်ရှိသူတို့က သိလိုသည်များကို မေးမြန်းပြီး ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းကြသည်။ ဝန်ကြီးသည် တွင်းတူးဖော်စမ်းသပ်မှု အောင်မြင်စွာ ဆောင်ရွက်ခဲ့ကြသော နိုင်ငံခြားသားပညာရှင်များနှင့်မြန်မာဝန်ထမ်းများအား ဂုဏ်ပြုသစ်သီးခြင်းများ ပေးအပ်ချီးမြှင့်ပြီး ရွှေဖြူ(၂)မှ သဘာဝဓာတ်ငွေ့မီးရှို့စမ်းသပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

လက်မှတ်ရေးထိုး

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ကိုရီးယားသမ္မတနိုင်ငံ ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်းနှင့် ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်အမှတ် A-1 တွင် ရေနံနှင့်သဘာဝ ဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ထုတ်လုပ်မှု အပေါ်ခွဲဝေခံစားရေးစာချုပ်ကို ၂၀၀၀ ပြည့်နှစ်တွင် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည်။

စမ်းသပ်မှုများပြုလုပ်

ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်အမှတ် A-1 တွင် သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်သော ရွှေ၊ ရွှေဖြူနှင့်ငွေ (Structure)ဘူမိအနေအထား သုံးခုတည်ရှိသည်။ ရွှေ Structure တွင် စုစုပေါင်း သုံးတွင်းကို တူးဖော်ပြီးစီးခဲ့ပြီး သဘာဝဓာတ်ငွေ့သိုက်ပမာဏမှာ ၄ ထရီလီယံကုဗပေမှ ၆ ထရီလီယံကုဗပေ ခန့်အထိ ခိုအောင်းနိုင်ကြောင်း စမ်းသပ်ရရှိထားသည်။ ရွှေ(၄) အကဲဖြတ်တွင်းကို ဆက်လက် တူးဖော်လျက်ရှိရာ ၂၀၀၅ခုနှစ် ဧပြီလအတွင်းတွင် စမ်းသပ်မှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။ ရွှေဖြူ Structureတွင် ယခုရွှေဖြူ (၂)ကို တူးဖော်စမ်းသပ်ပြီးစီးမှုအခြေအနေအရ ခန့်မှန်းသဘာဝဓာတ်ငွေ့သိုက် ပမာဏမှာ ၂ဒသမ ၅ ထရီလီယံ ကုဗပေမှ ၅ ထရီလီယံကုဗပေခန့်အထိ ခိုအောင်းနိုင်ကြောင်း စမ်းသပ်ရရှိသည်။ အကဲဖြတ်တွင်း ရွှေဖြူ (၃)ကိုလည်း ဆက်လက် တူးဖော်သွားမည်ဖြစ်သည်။ လက်ရှိအချိန်အထိ တူးဖော်စမ်းသပ်ပြီးစီးမှုအခြေအနေများ အရ ရွှေနှင့်ရွှေဖြူ Structure နှစ်ခုပေါင်း၏ သဘာဝဓာတ်ငွေ့သိုက် ပမာဏ မှာ ၆ ဒသမ ၅ ထရီလီယံကုဗပေမှ ၁၁ ထရီလီယံကုဗပေခန့် အထိရှိကြောင်း ခန့်မှန်းထားသည်။

တူးဖော်စမ်းသပ်ခြင်းမပြုလုပ်ရသေးသော အခြား Structure တစ်ခုဖြစ်သည့် ငွေတွင်လည်း ၂၀၀၅ ခုနှစ် ဇွန်လအတွင်းတွင် အစမ်းတွင်း အမှတ် ငွေ (၁)ကိုတူးဖော်သွားမည်ဖြစ်သည်။ အဆိုပါတွင်းများအားလုံး တူးဖော်ပြီးစီးပါက A-1 ၏သဘာဝဓာတ်ငွေ့သိုက်ပမာဏကို ယခုထက်ပိုမိုတိကျသေချာစွာ သိရှိနိုင်မည်ဖြစ်သည်။

စွမ်းအင်ဝန်ကြီးဌာနသည် ရခိုင်ကမ်းလွန်ဒေသလုပ်ကွက်အမှတ်A-1 မှထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့များကို ပိုက်လိုင်းသွယ်တန်းရောင်းချခြင်း၊ သဘာဝဓာတ်ငွေ့ရည် Gas စက်ရုံတည်ဆောက်၍ နိုင်ငံတကာဈေးကွက်တွင် LNG ရောင်းချခြင်း၊ ရခိုင်ဒေသတွင် သဘာဝဓာတ်ငွေ့အခြေခံစက်ရုံများတည်ဆောက်၍ အထူးစီးပွားရေးဇုန် တည်ထောင်ခြင်းစသည့်နိုင်ငံတော်အတွက်အကျိုးအမြတ်များစွာရရှိစေမည့် နည်းလမ်းများကို ရေးဆွဲလျက်ရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

ကျွန်တော် – ၁၉၆၀–၆၁ခုနှစ်အတွင်း တချို့ဒေသတွေမှာ သောင်းကျန်းသူတွေက တရုတ်ဖြူဆီက လက်နက်ရရှိဖို့အတွက် ဘိန်းနဲ့လဲလှယ်ခဲ့ကြတယ်။ အဲဒီအချိန် အဲဒီကာလမှာရှိခဲ့တဲ့ အမေရိကန် စစ်အုပ်စုဖြစ်တဲ့ ဆီတိုးခေါ် အရှေ့တောင်အာရှစစ်စာချုပ် အဖွဲ့ဆီကိုလဲ လက်နက်တွေ ပေးဖို့အတွက် စာရေးပြီး ဆက်သွယ်ခဲ့တယ်။ လူမျိုးကြီးဝါဒကို ဆန့်ကျင်ရမယ်ဆိုပြီး မမှန်မကန် လုပ်ကြံတဲ့နည်းနဲ့ စည်းရုံးခဲ့ကြတယ်။ အဲဒီ သောင်းကျန်းသူ တွေရဲ့ နိုင်ငံရေးကြွေးကြော်သံတွေကတော့ အာဏာစွန့် စော်ဘွားတွေရဲ့ အာဘော်အတိုင်း ဖက်ဒရယ်မှု ကို အခြေခံတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး၊ ရှမ်း သမ္မတနိုင်ငံ ထူထောင်ရေးဆိုတာတွေပဲ ဖြစ်တယ်။ ဒါတွေကို အစကအဆုံး အားလုံး သိရှိနေတဲ့ တပ်မတော်အနေနဲ့ ပြည်ထောင်စုမပြိုကွဲရေး အတွက် ပထစအစိုးရထံမှ အာဏာ သိမ်းယူခဲ့ရတာပဲ ဦးလေး။

ဘကြီးဖြိုး – ဒို့ အခုဆွေးနွေးခဲ့တာတွေကို ပြန်သုံးသပ်ရမယ်ဆိုရင် **ဒို့နိုင်ငံကို ပြိုကွဲပျက်စီးအောင် ယခင်ရော ယခုပါလုပ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ နယ်ချဲ့နဲ့ နယ်ချဲ့ရဲ့ လက်ပါးစေပုဆိန်ရိုးတွေ ဖြစ်ကြတယ်။ အလားတူ ပဒေသရာဇ်စနစ်ကို နောက်ပြန်သွားလိုတဲ့ ဖောက်ပြန်ရေးသမားတွေ ဖြစ်တယ်လို့ဆိုရမယ်။** ဒီဖြစ်ရပ် နှစ်ခုစလုံးကို လေ့လာမယ်ဆိုရင် တပ်မတော်သာ အဲဒီအချိန်တွေမှာ မကာကွယ်နိုင်ခဲ့ရင် ဒို့နိုင်ငံဟာ ယခုလိုကမ္ဘာမှာ ဂုဏ်သိက္ခာရှိရှိနဲ့ မရပ်တည်နိုင်ဘဲ နယ်ချဲ့လက်အောက် ကျွန်ဘဝ ပြန်ရောက်နေပြီလို့ ဆိုရမယ်။ ဒါကြောင့် ယခုကျင်းပနေတဲ့ အမျိုးသားညီလာခံမှာ ဆွေးနွေး နေတဲ့ အခြေခံမူ ၁၀၄ချက်ထဲမှာပါရှိတဲ့ အနာဂတ် မြန်မာနိုင်ငံရေးဦးဆောင်မှုအခန်းမှာတပ်မတော်က ပါဝင်ဆောင်ရွက်ရေးဆိုတာ ဒီအတွေ့အကြုံတွေကို အခြေခံပြီးမှ ထည့်သွင်းဖော်ပြခဲ့တယ်လို့ ဆိုရမယ်။ မြန်မာ့နိုင်ငံရေးနဲ့ တပ်မတော်ဆိုတာ ခေါင်းနဲ့ပန်းလို ခွဲခြားမရခဲ့တာ သမိုင်းက သက်သေပြခဲ့ပြီပဲ။

ကျွန်တော် – ဟုတ်ပါတယ်။

ဘကြီးဖြိုး – ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့မှာ ကျရောက်တဲ့ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ပေးပို့ခဲ့တဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ သဝဏ်လွှာမှာ–**“ကျွန်ုပ်တို့၏ပြည်ထောင်စုကြီးကို ကျူးကျော်သိမ်းပိုက်လိုသော၊ ဩဇာလွှမ်းမိုးခြယ်လှယ်လိုသော ကိုလိုနီနယ်ချဲ့လက်ဟောင်း၊ လက်သစ်တို့သည် ပြည်ထောင်စုကြီး၏ အခြေခံအုတ်မြစ်ဖြစ်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အစီအစဉ်တကျ သပ်လျှို ဖြိုခွဲပြီး အမျိုးသားရေးအားမာန်ကို လျော့ပါးချည့်နဲ့အောင် လုပ်ဆောင်ခဲ့၊ လုပ်ဆောင်ဆဲ ဖြစ်သည်ကို အမျိုးသားရေးသတိဖြင့် သိမြင်ထားကြဖို့ လိုအပ်ပါသည်”** စသည်ဖြင့် လမ်းညွှန် ဖော်ပြထားတယ်။ ဒါကြောင့်မို့ ဒို့ပြည်သူတွေအနေနဲ့ ဘေးပြောတာမယုံနဲ့၊ သွေးပြောတာယုံဆိုတဲ့ စကားအတိုင်း လိုက်နာဆောင်ရွက်ကြဖို့ လိုအပ်ကြောင်း တင်ပြရင်း ဒို့ရဲ့ဆွေးနွေးပွဲကို ဒီမှာပဲ ရပ်နားကြစို့ကွာ။ ။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်း တန်ချိန်၁၂၀၀၀ရေလုံသင်္ဘောကျင်းဖွင့်ပွဲကျင်းပ ပို့ဆောင်ရေးဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ကမ္ပည်းမော်ကွန်းကိုစက်ခလုတ်နှိပ်ဖွင့်

ရန်ကုန် မတ် ၃၀

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့သင်္ဘောကျင်းလုပ်ငန်း တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ဈနာရီတွင် အဆိုပါနေရာ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ တက်ရောက်၍ ရေလုံသင်္ဘောကျင်းဖွင့်ပွဲ အထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Li Jinjun နှင့် အဖွဲ့ဝင်များ၊ ပို့ဆောင်ရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးကြည်စိုး၊ ဝန်ကြီးဌာနအောက်ရှိ ဌာနအကြီးအကဲများ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ Shandong ပြည်နယ်အစိုးရအဖွဲ့မှ Secretary-General Mr. Liu Zong Yuan နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် Compressor Houseနှင့် Winch Houseအတွင်းရှိ စက်ပစ္စည်းများအား ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ တည်ဆောက်ပြီးစီးသော ရေလုံသင်္ဘောကျင်းကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တန်ချိန်၁၂၀၀၀ရေလုံသင်္ဘောကျင်းအား လက်မှတ်ရေးထိုးလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို စီမံကိန်းရုံးအဆောက်အအုံ၌ ဆက်လက် ကျင်းပရာ Shandong Agricultural Industry & Commerce Group Corporation မှ Managing Director Mr. Liu Jian Ye နှင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်စိုးတို့က လက်မှတ်ရေးထိုးကြသည်။

လွှဲပြောင်းလက်ခံ

ယနေ့ဖွင့်လှစ်သည့် တန်ချိန် ၁၂၀၀၀ရေလုံသင်္ဘောကျင်းစီမံကိန်းလုပ်ငန်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shandong Agricultural Industry & Commerce Group Corporationက ၂၀၀၁ခုနှစ် အောက်တိုဘာ ၈ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ လွှဲပြောင်းလက်ခံခြင်းဖြစ်သည်။ သင်္ဘောကျင်း၏ အလျားမှာ ၁၆၈ မီတာ၊ အနံ၂၈မီတာ၊ အနက်ကိုးမီတာဖြစ်ပြီး အထွေထွေကုန်တင်ရေယာဉ်၊ ကုန်သေတ္တာရေယာဉ်နှင့် ကုန်တင်တွဲ ရေယာဉ်များကို လွှန်းတင်ပေးနိုင်မည်ဖြစ်သည်။

လွှန်းကျင်းအဝင်အဝ Floating Type Dock Gate အမျိုး အစားရေတံခါးတပ်ဆင်ထားရှိပြီး အလျား ၇၇ မီတာခန့်ရှိ ရေယာဉ်နှစ်စင်းအားတစ်ပြိုင်နက် လွှန်းတင် ပြင်ဆင်နိုင်ရန် အတွက် လွှန်းကျင်း၏ အလယ်တွင် Intermediate Gate တစ်ခုတပ်ဆင်ထားသည်။ တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်းတွင် ရေယာဉ်များလွှန်းတင်၊လွှန်းချပြုလုပ်ရန်အတွက် ဝန်ချီစက်ခြောက်လုံး၊ လွှန်းကျင်းအတွင်းမှ ရေများစုပ်ထုတ်နိုင်ရန် ရေစုပ်ပန့် ရှစ်လုံး၊ လုပ်ငန်းသုံးရေမှုတ်စက်နှစ်လုံးနှင့် ၂၅ တန် ကရိန်းတို့တပ်ဆင်ထားရှိသည်။

တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်းကို ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် ရေယာဉ်ပြင်ဆင်ရေးလုပ်ငန်းများစတင်ဆောင်ရွက်ရန် စီစဉ်ထားရာ ပြည်တွင်းမှ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် ရေယာဉ်များကို ပြင်ဆင်ပေးခြင်းနှင့် နိုင်ငံခြားငွေ ခြွေတာနိုင်ပြီး ပြည်ပမှရေယာဉ်များကို ပြင်ဆင်ပေးခြင်းဖြင့်လည်း နိုင်ငံခြားငွေကို ပိုမိုရှာဖွေနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့မှ အလှူရှင် တစ်စုက အလှူငွေ ဒေါ်လာ ၃၅၀၀ လှူဒါန်းသဖြင့် ညောင်ဦးမြို့နယ် စည်ပင်သာယာရေး ဦးစီးဌာနနှင့်ဘီအေဂျေအဖွဲ့တို့တောင်ဇင်းကွမ်း ဖလားရွာ၏ စက် ရေတွင်းကို ပြန်လည်တူးဖော်ရာ ရေစုပ်စက်ဖြင့် စုပ်တင်ရန်အတွက် မတ် ၂၀ ရက် က

ဂျင်နရေတာ နေရာချထားရေး ပြင်ဆင်နေစဉ်။ (က–ပ)

မန္တလေးမြို့ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်များဖွင့် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့် တက်ရောက်အားပေး

ရန်ကုန် မတ် ၃၀

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ပံ့ပိုးကူညီသည့် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၆ရက်နံနက် ၇နာရီက ပြည်ကြီးတံခွန်မြို့နယ် ၆၂လမ်း၊ ယောမင်းကြီးလမ်းထောင့်၌ ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြည်သိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနမှူး ဗိုလ်မှူးနေဝင်းမြင့်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့သည် လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုကြသည်။

အကုန်အကျခံဆောင်ရွက်

အဆိုပါ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသည် ပြည်ကြီးတံခွန်မြို့နယ် ၆၂လမ်း၊ ယောမင်းကြီးလမ်းမှ သခင်ဖိုးလှကြီးလမ်း၊ ၎င်းမှစံပြလမ်းအထိ အရှည် ၁၃၀၅ပေ၊ အကျယ် ၁၈ပေရှိပြီး စုစုပေါင်း ငွေကျပ် ၉၅သိန်းကျော် အကုန်အကျခံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ အရှေ့ရပ်ကွက် ၃၃လမ်း၊ လမ်း ၈၀ထောင့်၌ ကျင်းပသည့် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးကာ လမ်းတစ်လျှောက် ကြည့်ရှုသည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်မှာ ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအရှေ့ရပ်ကွက် ၃၃လမ်း၊ ၈၁လမ်းနှင့် ၈၂လမ်းကြား ဖြစ်ပြီး လမ်းအရှည်ပေ ၅၂၀၊ လမ်းအကျယ် ၅၂ပေရှိ၍ စုစုပေါင်း ငွေကျပ် ၉၈သိန်းကျော်အကုန်အကျခံဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဘုရားဖြူကျောင်းတိုက်အတွင်း တည်ဆောက်လျက်ရှိသော သုံးထပ်ကျောင်းတော်ကြီးတစ်ခန်းအတွက် ငွေကျပ်ခြောက်သိန်းကို အလှူရှင် ဦးတင်လှိုင်-ဒေါ်ခင်သောင်းတို့အား ရည်စူး၍ ဦးကျော်-ဒေါ်နီနီတိုး၊ သား ထူးကျော်လှိုင်- မထည်ဝါကျော်၊ မောင်တိုးအောင်လှိုင် အမှတ် (၁၅၀)၊ ၄၆လမ်း၊ ဗိုလ်တထောင်မြို့နယ်က နိုင်ငံတော်သြဝါဒါစရိယ ဘုရားဖြူဆရာတော် ဘဒ္ဒန္တနရိန္ဒာဘိဝံသထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အထက(၁)ဖျာပုံ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် မတ် ၃၀

ဖျာပုံမြို့ အထက(၁)ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး၌ ဧပြီ ၃ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်သည်။

ပူဇော်ပွဲအတွက် လှူဒါန်းလိုသူများနှင့် ဆရာကြီး ဆရာမကြီးများအတွက် ဖွင့်လှစ်ထားသော ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေသို့ ထည့်ဝင်လှူဒါန်းလိုသူများသည် ဦးခင်ဦး ဖုန်း-၅၁၄၈၇၉၊ ဦးမြင့် ဦး ဖုန်း-၂၂၄၇၂၅၊ ဒေါ်ခင်ခင်ဝင်း ဖုန်း-၇၁၀၂၃၅၊ ဦးကျော်ဆန်းနိုင် ဖုန်း-၅၈၄၈၈၁၊ ဒေါ်ခင်မြင့်သစ် ဖုန်း-၂၉၂၀၅၀နှင့် ဖျာပုံအသင်းတိုက် ဖုန်း-၂၉၁၀၈၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်တရားပွဲ ကျင်းပမည်

ရန်ကုန် မတ် ၃၀

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိကရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယကဆရာတော်ဗဟုဇနဟိတရေ ဘဒ္ဒန္တသောဘဏ(ဒီဃနိကာယကောဝိဒ သာသနဓဇ သိရီပဝရဓမ္မာစရိယ)သည် ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာ၊ ဗုဒ္ဓဓမ္မဗိမာန် ဓမ္မာရုံတွင်ဧပြီ ၂ရက်မှဧပြီ ၈ရက်အထိ ညနေ ၅နာရီခွဲမှ စတင်၍ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ခုနစ်ရက်တိုင် ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် မတ်လ ၂၉ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၄၅၄၁)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၅ မှ ၄-၄-၂၀၀၅)

(မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်)

ရုပ်ရှင်သတင်းထောက်

ဒေါင်းအိပ်မက်ဇာတ်ကား ဆက်လက်ပြသ လျှို့ဝှက်သောနှင်း မကြာမီရုံဝင်လာမည်

'ဒေါင်းအိပ်မက်' ဇာတ်ကားမှ ရန်အောင်၊ လွင်မိုးနှင့် ထက်ထက်မိုးဦးတို့၏ သရုပ်ဆောင်ဟန်။

ရန်ကုန် မတ် ၃၀

ယခုအပတ်တွင် မြန်မာရုပ်ရှင်ဇာတ်ကားသစ်များရုံဝင်လာခြင်းမရှိဘဲ ပြသဆဲဇာတ်ကားများ ဆက်လက်ပြသမည်။

လွန်းထားထား(ဆေးတက္ကသိုလ်)၏ဇာတ်ညွှန်းကို ဒါရိုက်တာ မောင်ဇေ ဒါရိုက်ကူးပြီး ညွှန့်ဝင်း၊ ရန်အောင်၊ လွင်မိုးနှင့် ထက်ထက်မိုးဦးတို့ ခေါင်းဆောင်ပါဝင်ထားသော **"ဒေါင်းအိပ်မက်"**ဇာတ်ကား သမ္မတ၊သွင်၊ မင်္ဂလာ အဆင့်မြင့်ရုံများတွင် ဆက်လက်အောင်ပွဲခံ ပြသလျက်ရှိသည်။

"ဒေါင်းအိပ်မက်" ဇာတ်ကားသည် အချစ်၏နက်ရှိုင်းမှုကို ဖော်ကျူးထားသော မေတ္တာဘွဲ့ဇာတ်ကားဖြစ်သည်။ သဒ္ဒါမိုးဆွေဆိုသည့် ဘဝတက်လမ်းရှာကြံနေသော မိန်းကလေးတစ်ဦး၏ အချစ်ကို ဉာဏ်စင်ဆိုသော လူငယ်လေးနှင့် ဟိုတယ်လုပ်ငန်းရှင်ကြီး ဦးမိုးယံတို့ အပြိုင်အဆိုင်ကြိုးစားရာမှ မမျှော်လင့်သော အဖြစ်အပျက်များ၊ ဆုံစည်းမှုများဖြင့် ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသောဇာတ်ကားဖြစ်သည်။

ရှေ့ဆောင်ရုံတွင်ဝတ္ထုဇာတ်ညွှန်းဒါရိုက်တာ ခင်မောင်ဦး၊စိုးသိမ်းထွဋ် ရိုက်ကူးပြီး ဒွေး၊ တင့်တင့်ထွန်းနှင့် အိန္ဒြာကျော်ဇင်တို့ပါဝင်သရုပ်ဆောင်ထားသော **"ကြိုးနှစ်စ"**ဇာတ်ကား ရုံဝင်လာသည်။ ကြီးပွားချမ်းသာမှုတစ်ခုတည်းကို အချိန်ပြည့်ဇောက်ချလုပ်တတ်သော ရွှေမန်းသူလေး သန္တာအောင်အဖြစ် တင့်တင့်ထွန်း၊ မှန်တယ်ထင်ရင် ဇွတ်လုပ်တတ်တဲ့ မေဥသြအဖြစ် အိန္ဒြာကျော်ဇင်၊ ဒီ**"ကြိုးနှစ်စ"**တွင် ဘယ်ကြိုးကိုရွေးချယ်ရမလဲ ဝေခွဲမရ ဖြစ်နေသူ အောင်ဇော်အဖြစ် ဒွေး၊ ဒီ **"ကြိုးနှစ်စ"**မှာ ဘယ်ကြိုးကပိုချည်နှောင်အားကောင်းတယ်ဆိုတာ...။

နေပြည်တော်ရုံတွင် ဒါရိုက်တာ Jon Turteltaub ရိုက်ကူးပြီး Nicolas cage, Harvey Keitel နှင့် Jon Boight တို့ပါဝင် သရုပ်ဆောင်ထားသော National Treasure ဇာတ်ကား ပြသမည်ဖြစ်သည်။

ရွှေဂုန်ရုံမြေညီထပ်တွင် ဒါရိုက်တာ မလိခစိုးထိုက်အောင် ရိုက်ကူးပြီး ဒွေး၊ ထက်ထက်မိုးဦးတို့ပါဝင် သရုပ်ဆောင်ထားသော **"တစ်ခါတစ်ရံ၌ အချစ်သည် ဤသို့ဖြစ်တတ်သည်"** ဇာတ်ကား ရုံဝင်လာပြီး ရွှေဂုန်ရုံ အပေါ်ထပ်တွင် Denzel Washington, Russell Crowe တို့ပါဝင် သရုပ်ဆောင်ထား သော Virtuosity ဇာတ်ကား ပြသမည်ဖြစ်သည်။

မြို့မရုပ်ရှင်ရုံတွင် Sunny-Deol, Suniel Shetty, Akshay Kumar တို့ ပါဝင်သရုပ်ဆောင်ထားသော Jaani Dushman ဇာတ်ကား ပြသမည် ဖြစ်သည်။ ဆုထူးပန်အဆင့်မြင့်ရုံတွင် Suniel Shetty, Tabu Gulshan Grover တို့ပါဝင် သရုပ် ဆောင်ထားသော Khan Jar ဇာတ်ကား ပြသမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

'တစ်ခါတစ်ရံ၌ အချစ်သည် ဤသို့ဖြစ်တတ်သည်' ဇာတ်ကားမှ သရုပ်ဆောင်ဟန်။

'လျှို့ဝှက်သောနှင်း' ဇာတ်ကားမှ လွင်မိုး။

လျှို့ဝှက်သောနှင်း

စင်ရော်မောင်မောင် ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာစင်ရော်မောင်မောင်ရိုက်ကူးပြီး လွင်မိုး၊ လူမင်း၊ ညွှန့်ဝင်းနှင့် စိုးမြတ်နန္ဒာတို့ ပါဝင်သရုပ်ဆောင်ထားသော **"လျှို့ဝှက်သောနှင်း"**ဇာတ်ကား မကြာမီရုံဝင်လာမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ထူးချွန်အမျိုးသမီး အားကစားသမားများအားဂုဏ်ပြု

ရန်ကုန် မတ် ၃၀

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်၏ ၂၀၀၄ခုနှစ် ထူးချွန်အမျိုးသမီးအားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် အိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကများ၊ ဦးဆောင်နာယကများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် ကော်မတီဝင်များ၊ အလုပ်အမှုဆောင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ထူးချွန်အားကစားမယ်များနှင့် အုပ်ချုပ်သူနည်းပြဆရာများ တက်ရောက်ကြသည်။

ဂုဏ်ပြုဆုပေး

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ပထမအကြိမ်အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲ ချန်ပီယံမြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ အနိုင်ရွေ့ဂိုးများ ဗီဒီယိုပြသပြီး ၂၀၀၄ခုနှစ် ထူးချွန်အမျိုးသမီးအားကစားသမားများနှင့်အုပ်ချုပ်သူနည်းပြများအား ဂုဏ်ပြုဆုငွေချီးမြှင့်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက ဒေါ်ခင်သန်းနွဲ့က အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းခေါင်းဆောင် ဒေါက်တာပင်ဒိုရာအောင်ကြီး၊ နည်းပြချုပ်ဦးအေးမောင်၊ လက်ထောက်နည်းပြဦးခင်မောင်ကို၊ အုပ်ချုပ်သူဒေါ်မိမိမော်နှင့် လုံခြုံရေးအရာရှိ ဗိုလ်မှူးဇော်ထူးအောင်တို့အားလည်းကောင်း၊ ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွဲ့၊ ဦးဆောင်နာယကဒေါ်ခင်ခင်ဝင်းနှင့် ဦးဆောင်နာယကဒေါ်ခင်နှင်းဝေတို့က မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းမှ အားကစားသမားများ တစ်ဦးချင်းအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဒေါ်မာလာတင့်က (၆)ကြိမ်မြောက် အာရှဂူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် မြန်မာအသင်းနည်းပြ ဦးထွန်းမြင့်၊ ရွှေတံဆိပ်နှစ်ဆုရှင် ဆွေဆွေသန့်နှင့် ရွှေတံဆိပ် တစ်ဆုရှင် ခိုင်ခိုင်မော်တို့အား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲများတွင်ပါဝင်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အတွက် စေတနာရှင်လုပ်ငန်းရှင်များက မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်သို့ အလှူငွေများ လှူဒါန်းကြရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီမှ လှူဒါန်းငွေကျပ် ၁၀သိန်းကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ကလည်းကောင်း၊ မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ သီရိသုခမ္မဏီဇောတဓရ ဦးတင့်ဆန်းနှင့်ဇနီး ဒေါက်တာဒေါ်ဌေးဌေးငြိမ်း(မန်နေဂျင်းဒါရိုက်တာ အေစီအီးဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်)က ငွေကျပ် သိန်း ၂၀ကိုလည်းကောင်း၊ Max Myanmar ကုမ္ပဏီမှ ဦးဇော်ဇော်က ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ မောင်ဝိတ်နှင့်မိသားစု ကုမ္ပဏီလီမိတက်က ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်က ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ဦးကျော်ဝင်း(ရွှေသံလွင်ကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ဦးကျော်စိန်(အိုလံပစ်ဟိုတယ်)က ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ဦးချစ်နိုင်(အေဒင်ဆောက်လုပ်ရေး)က ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ဦးထွန်းမြင့်နိုင်(အေးရှားဝေါလ် ကုမ္ပဏီလီမိတက်) က ငွေကျပ် ငါးသိန်းကို လည်းကောင်း၊ ဦးမောင်မောင်ဆွေ(ဂရိတ်ဝေါတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်း)က ငွေကျပ်ငါးသိန်းကို လည်းကောင်း၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြသိန်းက ငွေကျပ်သုံးသိန်းကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်၏ ၂၀၀၄ခုနှစ် ထူးချွန်အမျိုးသမီးအားကစားသမားများအား ဂုဏ်ပြုပွဲအခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက ဒေါ်ခင်သန်းနွဲ့က အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်း နည်းပြချုပ် ဦးအေးမောင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (အား/ကာ)

တိပိဋကဓရဆရာတော် တရားဓမ္မဟောကြားမည်

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၏ ပဓာန နာယကဆရာတော် အရှင်သုန္ဒရ(ဒသမမြောက် တိပိဋကဓရ တိပိဋကကောဝိဒ)သည် ဧပြီရက်တွင် သဃ်္ဃန်းကျွန်းမြို့နယ် (၁၆/၃)ရပ်ကွက် မလွန်ဆန်လှူ ဓမ္မသဘင်၌လည်းကောင်း၊ ၂ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလရပ်ကွက် ဓမ္မပူဇနီယပွဲတော်၌ လည်းကောင်း၊ ၄ရက်တွင် တောင်ဥက္ကလာပမြို့နယ် (၁၃) ရပ်ကွက် ဒေါ်ခင်လေး၊ ဒေါ်ဌေးဌေး၊ ဒေါ်အေးအေးညီအစ်မတစ်စု၏ သိက္ခာထပ်၊ ရဟန်းခံ၊ ရှင်ပြု အလှူမင်္ဂလာ၌လည်းကောင်း၊ ၅ ရက်တွင် စမ်းချောင်းမြို့နယ် ဓညဝတီလမ်းနှင့် အောင်သိဒ္ဓိလမ်း စုပေါင်းရဟန်းခံ၊ ရှင်ပြု အလှူမင်္ဂလာ၌လည်းကောင်း၊ ၆ ရက်တွင် မရမ်းကုန်းမြို့နယ် သီရိမွန်အိမ်ရာ ဦးသိန်းမြင့်-ဒေါ်စိုးစိုးတို့၏ အလှူနှင့် ကျိုက်ထိုမြို့နယ် မုပ္ပလင်ရွာ ရှင်ဥပဂုတ္တရဟန္တာကြီး ပူဇော်ပွဲ ဓမ္မသဘင်၌ လည်းကောင်း၊ ၇ရက်တွင် သုံးခွမြို့ လောကမာရဇိန်ကျောင်းသစ်ကျောင်း စုပေါင်း ရှင်ပြု၊ ရဟန်းခံမဏ္ဍပ်၌ လည်းကောင်း၊ ၁၀ရက်နှင့် ၁၁ရက်တွင် မကွေးတိုင်း မြိုင်မြို့နယ် ပြင်သာကျောင်း၌ ဦးကျော်ဌေးမင်း-ဒေါ်မိမိအေး (MITT)တို့၏ အလှူမင်္ဂလာနှင့် ကျောက်ထိုင်ရွာ ဓမ္မသဘင်၌လည်းကောင်း၊ ၁၃ရက်မှ ၁၉ရက်အထိ သဃ်္ဃန်းကျွန်းမြို့နယ် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် မဟာသင်္ကြန်ခုနစ်ရက်တရားစခန်းပွဲ၌လည်းကောင်း၊ ၂၁ရက်တွင် စမ်းချောင်းမြို့နယ် ကံမြင့်ကျောင်းတိုက်၌လည်းကောင်း၊ ၂၂ရက်တွင် တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက် ဒေါ်ချိုချိုမိသားစု၏ ရဟန်းခံအလှူ၌လည်းကောင်း တရားဓမ္မဟောကြားတော်မူမည်ဖြစ်ကြောင်းသိရသည်။**(က-ပ)**

ဆရာဝန်အသင်း သင်တန်းပို့ချမည်

ရန်ကုန် မတ် ၃၀

မြန်မာနိုင်ငံ ဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ်(CME)မှ အထွေထွေရောဂါကုဆရာဝန်များအတွက် Emergency Management for GP(2005) သင်တန်းကို ဧပြီ ၉ ရက်မှ ဇွန် ၁၂ ရက်အထိ (စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ) အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (ဘီ)၌ သင်တန်းပို့ချမည်ဖြစ်ရာ တက်ရောက်လိုသည့် ဆရာဝန်များသည် ဧပြီ၄ ရက်မှစ၍ ရုံးချိန် အတွင်း စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေတ္တာရေစင်ဇီဝိတဒါနအလှူရှင်များ မြောက်ဥက္ကလာပဆေးရုံ၌ စုပေါင်းလှူဒါန်း

ရန်ကုန် မတ် ၃၀

အကြိမ်(၂၀)မြောက် မေတ္တာရေစင် ဇီဝိတဒါန စေတနာရှင်များစုပေါင်း၍ မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေသောလူနာများအနက် ဆင်းရဲနွမ်းပါးသောလူနာများအား အလှူငွေများလက်ရောက်လှူဒါန်းခြင်းနှင့် လူနာတင်ဘီးတပ်ကုလားထိုင် လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်၁၀နာရီတွင် အဆိုပါဆေးရုံကြီး အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကုဆေးရုံကြီး ဆေးရုံအုပ်ကြီးဒေါက်တာမြသောင်းက နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ထို့နောက် မေတ္တာရေစင် ဇီဝိတဒါနအလှူရှင်များကိုယ်စား အငြိမ်းစားသံအမတ်ကြီး ဦးမောင်မောင်စိုးတင့်က ယနေ့လှူဒါန်းမည့်အစီအစဉ်များနှင့် လှူဒါန်းရသည့်အကြောင်းရင်းနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင် ၂၀၏ လှူဒါန်းငွေ စုစုပေါင်းကျပ် ၈၃၀၀၀၀နှင့် ကျပ် ၇၀၀၀၀ ကျော်တန်ဖိုးရှိ လူနာတင် ဘီးတပ်ကုလားထိုင်ကို အလှူရှင်များကိုယ်စား အငြိမ်းစားသံအမတ်ကြီး ဦးမောင်မောင်စိုးတင့်နှင့် ဒေါ်ခင်ကြည်မိသားစုတို့က ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီး၌ တက်ရောက်ဆေးဝါးကုသမှုခံယူနေကြသော ဆင်းရဲနွမ်းပါးလူနာများအား ဆေးဖိုးငွေများကို အလှူရှင်များကိုယ်တိုင်လက်ရောက် ပေးအပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

ASEAN ENGINEER လက်မှတ်ရရှိရေး လျှောက်ထားနိုင်

ရန်ကုန် မတ် ၃၀

၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ကျင်းပမည့် CAFEO-23အစည်းအဝေးတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(MES)မှ AER(ASEAN Engineer Register) လက်မှတ်ရရှိရေးအတွက် လျှောက်ထားသူများအနက်မှ သတ်မှတ်ချက်နှင့်ကိုက်ညီသူ MES အသင်းဝင်များအား ထောက်ခံတင်ပြပေးမည်ဖြစ်ရာ ASEAN Engineer (ASEAN Eng)လက်မှတ်ရရှိရန် စိတ်ဝင်စားသည့် MES အသင်းဝင်များသည် ၂၀၀၅ ခုနှစ် ဧပြီ ၅ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောင် ၆၊ အခန်း ၅၊ MICT Park လှိုင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၆၅၂၂၉၄၊ ၆၅၂၂၉၅ တို့သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးခြားသည့်နေ့အပူချိန်

၃၀-၃-၂၀၀၅

မကွေးမြို့	၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ ဒီဂရီဖာရင်ဟိုက်)
မင်းဘူးမြို့	၄၁ ဒီဂရီစင်တီဂရိတ် (၁၀၆ ဒီဂရီဖာရင်ဟိုက်)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

စီးပွား/ကူးသန်းနှင့် တံခွန်အသင်း တစ်ဂိုးစီသရေကျ ကမ္ဘောဇနှင့် တပ်မတော်(ကြည်း)ဂိုးမရှိသရေကျ

ရန်ကုန် မတ် ၃၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ်ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်းအသင်းနှင့် တံခွန်အသင်းတို့ တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

တံခွန်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲစပြီး လေးမိနစ်အကြာတွင် အောင်လတ်သူက သွင်းယူပေးသည်။ ပထမပိုင်းအပြီးတွင် တံခွန်အသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ စီးပွား/ကူးသန်းအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၆၅ မိနစ်တွင် ကျော်ဇင်ဝင်းက ခေါင်းတိုက်သွင်းယူပေးသည်။

တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ကမ္ဘောဇအသင်းနှင့် တပ်မတော်(ကြည်း)အသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှင့် တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိသရေပွဲ ဖြစ်သွားသည်။

အမှတ်ရရှိမှု

ယနေ့ပွဲစဉ်များအပြီးတွင် စီးပွား/ကူးသန်းအသင်းက ကိုးပွဲကစား ခုနစ်ပွဲနိုင်၊ နှစ်ပွဲသရေ ၂၃မှတ်၊ တံခွန်အသင်းက ၁၀ ပွဲကစား လေးပွဲနိုင်၊ တစ်ပွဲသရေ၊ ငါးပွဲရှုံး ၁၃မှတ်၊ ကမ္ဘောဇအသင်းက ၁၂ ပွဲကစား လေးပွဲနိုင်၊ တစ်ပွဲသရေ၊ ခုနစ်ပွဲရှုံး ၁၃မှတ်၊ တပ်မတော်(ကြည်း)အသင်းက ၁၀ ပွဲကစား တစ်ပွဲနိုင်၊ သုံးပွဲသရေ၊ ခြောက်ပွဲရှုံး ခြောက်မှတ်ရရှိထားကြသည်။

ယနေ့ပွဲ

မတ် ၃၁ ရက်**(ယနေ့)** ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပို့ဆောင်ရေးအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ပဒေသာအားကစားကွင်း၌ စွမ်းအင်အသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး

နယ်ချဲ့ကိုဆန့်ကျင်ခဲ့သော ကျောက်ဆည်နယ်မှ မြန်မာမျိုးချစ်များ

ဆုတ်နှစ်မဲ့ပဲ
ရဲသော်မသေ
ရဲလေသော်အား
သေတုံငြားလည်း
လေးပါးအပါယ်
မငြိတွယ်လျှင်
ခြောက်သွယ်နတ်ပြည်
တက်လိမ့်မည်တည်း။ **(သု-လျှံ)**

'တပ်မတော်သည် အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်'
'အသက်သွေး၊ ချွေး၊ စဉ်မနှေး ပေးဆပ်သည်မှာ တပ်မတော်ပါ'
'တပ်မတော်သာအမိ၊ တပ်မတော်သာအဖ'

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ရန်ကုန်မြို့ တော်လှန်ရေးပန်းခြံအတွင်း၌ အမျိုးသားရေးအနှစ်သာရရှိရှိ ကျင်းပခြင်းကပင် အမျိုးသားရေးကို မည်သည့်အခါမှ သစ္စာမဖောက်သော တပ်မတော်၏ ဂုဏ်ရောင်ဖြစ်ပေသည်။

၁၈၈၅-၁၈၈၆ခုနှစ် မြန်မာတစ်မျိုးသားလုံး ကြိမ်မီးအုံးခဲ့ရသောကာလ။ မြန်မာ့ဦးစွန်းယွန်းခဲ့ရစဉ်က---

အရှင်နှစ်ပါး ပါတော်မူပြီးနောက် သီပေါမင်းတရား၏ မြန်မာဘုရင့်တပ်တော်သည်လည်း တပ်ဖျောက်လျက် ရတနာပုံရွှေနန်းမှ ထွက်ခွာကာ နယ်ချဲ့ကို ဆန့်ကျင်တော်လှန်သော အင်အားစုများအဖြစ် ရပ်တည်လာသည်။

၁၈၈၆ခုနှစ်နောက်ပိုင်းမှ စတင်ကာ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်တွင် မြန်မာမျိုးချစ်များ၏ တော်လှန်ရေးအင်အားစုများ တိုးပွားမှုအရှိန်အဟုန်မှာ တစ်စတစ်စ ကြီးထွားလာခဲ့သည်။ ၎င်းအင်အားစုများအနက် ကျောက်ဆည်နယ်မှ မြင်စိုင်းမင်းသားဦးဆောင်သော နယ်ချဲ့ရန်တွန်းလှန်မှုများကိုလည်း တွေ့ရသည်။ မြင်းစိုင်းမင်းသားသည် မင်းတုန်းမင်း၏ သားတော်တစ်ပါးဖြစ်သည်။ အနောက်ဝင်းတော်မှူးဦးမောင်နှင့် မှူးမတ်အချို့၏ တိုက်တွန်းအားပေးမှုဖြင့် မြင်စိုင်းမင်းသားသည် မန္တလေးအနီး ဓီးပင်ကြီးရွာကို ဗဟိုပြု၍ အင်အားစုဆောင်းခဲ့သည်။

အင်္ဂလိပ်သစ်တောအမှုထမ်း ဝေါ့ကား၊ ကာလိုဂရီဒီ၊ ဟားဗတ်၊ ဘုံဘေဘားမားကုမ္ပဏီမှ ဂရေးတို့အား မြင်စိုင်းမင်းသားတပ်များက ၁၈၈၆ခုနှစ် ဇန်နဝါရီလတွင် ပထမဆုံး စတင်တိုက်ခိုက်ခဲ့သည်။ မြင်စိုင်းမင်းသားကို ဓီးပင်ကြီးမင်းသားဟုလည်းခေါ်သည်။ ၎င်းနောက် ကျောက်ဆည်နယ်အတွင်း မြင်စိုင်းသို့ စခန်းရွှေ့ခဲ့သဖြင့် မြင်စိုင်းမင်းသားဟု တွင်လာသည်။ အင်္ဂလိပ်တပ်များက လိုက်လံတိုက်ခိုက်နေသဖြင့် မြင်စိုင်းမှ ရှမ်းပြည်နယ်အစပ် ရွာခိုင်ကြီးသို့ပြောင်း၍ စခန်းချခဲ့ရသည်။ ထိုအချိန်တွင် ကျောက်ဆည်နှင့် မိတ္ထီလာမှ တော်လှန်ရေးခေါင်းဆောင်များ သစ္စာခံပူးပေါင်းလာ၍ ဆန့်ကျင်ရေးအင်အားစုများ ကြီးထွားလာသည်။

မြင်စိုင်းမင်းသား၏ တပ်တွင် ဗိုလ်ခိုင်၊ ဗိုလ်ချင်း၊ ဗိုလ်မြတ်မှုန် (ကျောက်ဆည်ဝန်)၊ ဗိုလ်မင်းပို (ရွှေစားဗိုလ်)၊ ဗိုလ်ဆိုင်၊ ဗိုလ်မောင်ကြီး၊ ဗိုလ်မင (မင်းတုန်းမင်းလက်ထက်က မိုးနဲတပ်မှူး)၊ မိုင်းလုံဗိုလ်မြကြီး၊ ဗိုလ်ဖောင် (မင်းတုန်းမင်း၏ ဝင်းတော်မှူး)၊ ရှမ်းစော်ဘွားအချို့၏ ပူးပေါင်းအင်အား ၂၀၀၀၀(နှစ်သောင်း)ခန့် စုစည်းမိသည်။

ထို့နောက် ရွာခိုင်ကြီးစခန်းအား အင်္ဂလိပ်တပ်များ ဝိုင်းရံလာ၍ ရှမ်းပြည်နယ် ရွာငံသို့ပြောင်းကာ ဆင်ဖြူမြို့သစ် တည်ခဲ့သည်။ ကျောက်ဆည်မြို့တောင်ဘက် ငါးမိုင်ကွာ သမန္တလင်းကျေးရွာတွင် အရန်စခန်း တစ်ခုထားသည်။ ကျောက်ဆည်၊ မိတ္ထီလာ တိုက်ခိုက်ရေးဗဟိုစခန်းကို ခင်လယ်ရွာ (ယခု ကင်းတားဆည်အနီး)၌ သတ်မှတ်ထားသည်။ ကျောက်ဆည်အနီး သပြေတောင်းရှိ အင်္ဂလိပ်စခန်းအား တိုက်ခိုက်ရေးတာဝန်ကို ဗိုလ်မြတ်မှုန်က ယူသည်။ အင်အား ၅၀၀၀ဖြင့် တိုက်ခိုက်ခဲ့သည်။

ဗိုလ်ခိုင်ကိုမူ တပ်မှူးကြီးအရာထား၍ များစွာအားကိုးခဲ့သည်။ တော်လှန်ရေးကာလမှာပင် မင်းတုန်းမင်း၏သားတော် မြင်စိုင်းမင်းသား (ဓီးပင်ကြီးမင်းသား)သည် ၁၈၈၆ခု ဩဂုတ်လအရောက် သက်တော်(၁၇)နှစ်အရွယ်တွင်ရွာငံအနီးဆင်ဖြူမြို့၌ ငှက်ဖျားရောဂါဖြင့် ကံကုန်ခဲ့သည်။ မင်းသားသည် အဆောင်အယောင်ဖြစ်သော ရွှေစလွယ်နှင့်ရွှေဓားကို ဗိုလ်ခိုင်အား လွှဲအပ်ခဲ့သည်။

ကထိက ဒေါက်တာရွှေဖြည်စိုး
(ရန်ကုန်တက္ကသိုလ်)

ဗိုလ်ခိုင်သည် မြင်စိုင်းမင်းသား၏ တော်လှန်မှုတွင်အရေးပါသော လက်ရုံးတပ်မှူးကြီးဖြစ်သည်။ ဇာတိမှာ မြစ်သားနှင့် ရွာမုန်းအကြား ဆင်ငယ်ကျရွာ ဖြစ်သည်။ သီပေါမင်းလက်ထက်တော်၌ ကျောက်ဆည်နယ်အတွင်း အင်ယောင်းကျေးရွာသူနှင့် အိမ်ထောင်ကျသဖြင့် အင်ယောင်းတွင် အခြေချနေထိုင်ခဲ့သည်။ မောင်နှင်းဆီအမည်ဖြင့် မြင်းဝန်ထံ အမှုထမ်းရင်း ပင်ကိုဉာဏ်ကောင်း၍ နန်းမတော်ဘုရား၏ စာရေးတော်၊ ထို့နောက် ကိုးခရိုင်ဝန် ခန့်အပ်ခဲ့သည်။ ထီးကျိုးစည်ပေါက် နယ်ချဲ့လက်အောက်ရောက်ရသော အချိန်တွင် မိမိနောက်လိုက် ၅၀၀နှင့်အတူ မြင်စိုင်းမင်းသားတပ်သို့ ခိုဝင်ခဲ့သည်။ တော်လှန်ရေးအတွင်း ကျောက်ဆည်ကိုးခရိုင်၌ အင်ယောင်းဗိုလ်ခိုင်ဟု ထင်ရှားလာသည်။

ဗိုလ်ခိုင်သည် အင်္ဂလိပ်တပ်အား ရေဝန်းနှင့်ဈေးရွာအနီး၌ ပထမဆုံးအကြိမ် ရင်ဆိုင်တိုက်ခိုက်ခဲ့သည်။ အင်္ဂလိပ်ဘက်မှ ခုနစ်ဦးကျဆုံးသည်။ ဟန်မြင့်မိုရ်ကျေးရွာအရှေ့ ဈေးရွာတွင် မြန်မာတပ်အင်အား ၅၀၀နှင့် အင်္ဂလိပ်တပ်များ ထပ်မံတိုက်ပွဲဖြစ်ပွားသည်။ အင်္ဂလိပ်တပ်အင်အား ၃၀၀နှင့် (မြန်မာတပ် ၃၀၀၀၊ ရှမ်းတပ် ၁၀၀၀ ပူးပေါင်းအင်အား ၄၀၀၀သည်) ရေဝန်းရွာတွင် တစ်နေကုန်တိုက်ပွဲဖြစ်ပွားသည်။ ဗိုလ်ခိုင်ဦးစီးသော မြန်မာဘက်မှ၃၀ ကျဆုံးသည်။ ထို့နောက် ဗိုလ်ခိုင်သည် ဟန်မြင့်မိုရ်မြောက်ဘက် တိုက်ပွဲတွင် အင်္ဂလိပ်စစ်သည် ၆၀အထိ ကျဆုံးအောင် တိုက်ခိုက်ခဲ့သည်။

ဗိုလ်ခိုင်သည် ဗိုလ်ချင်း၊ ဗိုလ်မြတ်မှုန် အုပ်ချုပ်သော တပ်အင်အားနှင့် ပူးပေါင်း၍ မြန်မာ၊ ရှမ်း စစ်သည် ၆၀၀၀ကို ဦးစီးကာ ခရိုင်ဝန်ရုံးစိုက်ရာ ကျောက်ဆည်မြို့ကို ဝင်ရောက်စီးနင်းသည်။ ထိုတိုက်ပွဲတွင် ဗိုလ်ခိုင်၏နံဘေး ကျည်သင့်သဖြင့် ရေပြစ်ရွာသို့ ဆုတ်ခွာခဲ့ရသည်။ ထိုအချိန်တွင် မင်းစုကို အင်္ဂလိပ်တို့ သိမ်းပိုက်လိုက်သည်။

ဒဏ်ရာပျောက်ကင်းသည့်အခါ အင်္ဂလိပ်တပ်များနှင့် နှစ်ရက်ကြာ ရင်ဆိုင်တိုက်ရသော တိုက်ပွဲကြီးတစ်ခုကို ကူမဲရွာ ရွှေဘုံသာဘုရားအနီးတွင် ဦးဆောင်တိုက်ခိုက်ပြန်သည်။ ဗိုလ်ခိုင်ဘက်မှ အင်အားမမျှသဖြင့် များစွာကျဆုံး၍ ဆုတ်ခွာရသည်။ ဗိုလ်ခိုင်၏ နောက်ဆုံးတိုက်ပွဲမှာ လက်ပန်ဇင်တိုက်ပွဲ ဖြစ်သည်။ ထိုတိုက်ပွဲတွင် နှစ်ဖက်အကျအဆုံးမရှိခဲ့ပါ။ ၎င်းနောက်တွင် အင်ယောင်းဗိုလ်ခိုင်သည် တော်လှန်ရေးအတွင်းက အစားအအိပ်မမှန်၍ စွဲကပ်ခဲ့သော လေရောဂါဆိုးရွားလာ၍ အင်ယောင်းရွာသို့ ပြန်ရသည်။ အင်္ဂလိပ်အစိုးရက ဗိုလ်ခိုင်အား မြို့ဝန်ရာထူးတာဝန်ပေး၍ စည်းရုံးခဲ့သော်လည်း မြို့ဝန်တာဝန်ကို ငြင်းပယ်၍ စိုက်ပျိုးမွေးမြူရေးသာ လုပ်ကိုင်နေထိုင်သည်။ မြန်မာသက္ကရာဇ် ၁၂၈၉ခု အသက်(၇၀)အရွယ်တွင် လေရောဂါဖြင့် အင်ယောင်းရွာ၌ပင် ကွယ်လွန်ခဲ့သည်။

ကျောက်ဆည်နယ်မှ မြန်မာ၊ ရှမ်း၊ ဓနုအင်အားစုဖြင့် အင်္ဂလိပ်ထံသူ့ကျွန်မခံတော်လှန်သူတစ်ဦးမှာ စကြာမင်းသားဖြစ်သည်။ ၁၈၈၇ခု ဇွန်လမှ စက်တင်ဘာလအထိ ကျောက်ဆည်အရေးပိုင်အဖြစ် အမှုထမ်းခဲ့သူ လက်ဖတင်နင် ဂရင်းသည် မြို့ကြီးသို့အသွား စကြာမင်းသား၏ တပ်များက ဝိုင်းဝန်းတိုက်ခိုက် မှုခံရသည်။ နောက်ဆုံးတွင် စကြာမင်းသားအား အင်္ဂလိပ်များရရှိကာ ကျောက်ဆည်တွင် သေဒဏ်စီရင်ခဲ့သည်။ စကြာမင်းသားကို တိမ်ပုံမင်းသား၊ ဓီးပင်မင်းသား၊ ဆူးခေါင်းမင်းသားဟုလည်း အမျိုးမျိုးခေါ်သည်။

ကျောက်ဆည်နယ်မှ တော်လှန်ရေးမျိုးချစ်များအဖြစ် နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းတွင် ထင်ရှားခဲ့သူများမှာ စွန်ရဲရွာသား ဗိုလ်ကျော်ဇော၊ ကျောက်ဆည်အနောက်ဘက်မှမက္ခရာမင်းသား၊ ၎င်း၏သား တိုက်တိုင်းနိုင်မင်းသား၊ ချောင်းဝမင်းသားနှင့် အင်အား ၅၀၀၀ စသည်တို့သည် ကျောက်ဆည် ဒေသအား အင်္ဂလိပ်အစိုးရက အလွယ်တကူ မထိန်းချုပ်နိုင်ရုံမက မခန့်မှန်းနိုင်အောင် ကျဆုံးမှုများစေခဲ့သော မျိုးချစ်အင်အားစုများ ဖြစ်သည်။

ဤဖြစ်စဉ်တွင် ဗိုလ်ခိုင်နှင့်ပတ်သက်၍ ဗိုလ်ခိုင်၏သမီးအလတ်ဖြစ်သူ ဒေါ်တင်မြ၏ ပြောကြားချက်များ ဖြစ်သည်။ စာရေးသူသည် ဗိုလ်ခိုင်၏ သမီးထွေး ဒေါ်တင်မိ၏မြေး ဖြစ်ပါသည်။

(၁၈၈၅-၁၈၈၆၊ နယ်ချဲ့ကို ဆန့်ကျင်ခဲ့သော ကျောက်ဆည်နယ်မှ မြန်မာမျိုးချစ်များကို ဖော်ပြ၍ သမိုင်းအစဉ်အလာကြီးခဲ့သော နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုအပ်ပါသည်။)

ကညွတ်ကွင်း-မိဿလင်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲနှင့် ခရီးသည်ပို့ဆောင်ရေးယာဉ်ငယ်လိုင်းသစ် ဖွင့်ပွဲကျင်းပ

ကညွတ်ကွင်း မတ် ၂၅

ဖြူးမြို့နယ် ကညွတ်ကွင်းမြို့၌ အရှည် ၁၂ မိုင်ရှိသော ကျောက်ချောလမ်းသစ်ဖွင့်ပွဲနှင့် မြို့နယ်ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်အသင်းမှ ကညွတ်ကွင်း-မိဿလင် ယာဉ်ငယ်လိုင်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၈ရက် နံနက် ၉နာရီက ကျင်းပသည်။

အဆိုပါ ကညွတ်ကွင်း-မိဿလင် လမ်းကို စည်ပင်သာယာရေးဦးစီးဌာနမှ ကျောက်ချောလမ်းသစ်အဖြစ်သို့ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပြီး လမ်းသစ်ဖွင့်ပွဲနှင့်အတူ ၎င်းယာဉ်ငယ်လိုင်းကို ဖွင့်လှစ်၍ စတင်ပြေးဆွဲနိုင်ခဲ့သည်။

ယာဉ်ငယ်လိုင်းသစ်ပြေးဆွဲ

ဖွင့်ပွဲအခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်၊ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးသိန်းငွေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဇော်၊ အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ တက်ရောက်ခဲ့ကြပြီး လမ်းသစ်နှင့် ယာဉ်ငယ်လိုင်းသစ် ပြေးဆွဲနိုင်မှုကြောင့် ကျေးရွာပြည်သူများ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့လာကြောင်း သိရသည်။ **(၁၇၆)**

တိုင်းရင်းဆေးဝါးများ ဓနုဖြူမြို့၌ ပေးအပ်လှူဒါန်း

ဓနုဖြူ မတ် ၁၀

ဓနုဖြူမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်သည် ပြည်သူများ တိုင်းရင်းဆေး သုံးစွဲမှု ပိုမိုပြန့်ပွားစေရန်အတွက် ကျပ် ၅၀၀၀၀ ကျော်တန်ဖိုးရှိ တိုင်းရင်းဆေးဝါးများအား မြို့နယ် တိုင်းရင်းဆေးကုဌာနသို့ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၉ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင်က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ပေးအပ်လှူဒါန်းရာတိုင်းရင်းဆေးကုသရေးဌာနမှူး ဒေါ်နမ့်စမိုင်းလေက လက်ခံရယူသည်။ **(ဝဲပုံ)**

အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်လှလှစိန်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(၀၈၅)**

သနပ်ပင်မြို့နယ်တွင် စက်ရေတွင်းဖွင့် ရပ်ကွက်ပြည်သူများအား သောက်သုံးရေပေးဝေနိုင်မည်

သနပ်ပင် မတ် ၁၇

ပဲခူးတိုင်း သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိရေး စီမံချက်အရ စက်ရေတွင်းများ တူးဖော်ပေးခဲ့ရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အောက်စုရပ်ကွက် ဇမ္ဗူရစ်လမ်းရှိ နှစ်လက်မ စက်ရေတွင်း အမှတ်(၄) ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၄ရက်က အဆိုပါ စက်ရေတွင်းရှေ့ မုခ်ဦးတွင် ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဝေတို့က စက်ရေတွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

(၃၄၇)

31-3 (15).p65 1 3/24/05, 2:17 PM

7DAY NEWS JOURNAL

April -12,13 Hotel
April - 13 Air-Con Car
April - 13 Restaurant
Tel: 227196, 727454 No.7/ Bldg. 46 Bahosi, Lanmadaw

၂၀၀၅ ရန်ကုန် သင်္ကြန်ရေကစားမဏ္ဍပ်များအတွက်

ရေအားအကောင်းဆုံးရရှိရန်
ရေပန့်များ ဈေးနှုန်းချိုသာစွာဖြင့် ငှားရမ်းပေးပါသည်။
ဆက်သွယ်ရန် -၀၉-၉၉ ၇၁၀၃၄။

၂၀၀၅ မဟာသင်္ကြန် အလန်းစေပြိုင်ပွဲ

Super Star Entertainment
3/04/05
Uncle Sam (FMI / ...)
Ko Ko Beauty Saloon (...)

NAWARAT Computer Sales, Maintenance & Rental
295758 အား 392047
No.(135), Bogalayzay St. (UPPER) Botahtaung Tsp.

Yan Aung
380291, 095107178

FAME TINOFLAM®
ဆင်တုံ့သနွယ်အရောင်ကျဆေး

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူပျောက်ဆုံးခြင်း

မြစ်ကြီးနားမြို့ ယာဉ်အမှတ်-၁၄၃၆၄ မော်တော်ဆိုင်ကယ် လက်ဝယ်ရှိသူက ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူ ပျောက်ဆုံးလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ခရိုင်ရုံး(မြစ်ကြီးနား)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ခရိုင်ရုံး(မြစ်ကြီးနား)။

ရောင်းမည်

၁။ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ဇီးအုန်ကုန်းလမ်း၊ (စတုရန်းပေ ၉၅၀၀ Sqft)မြေကွက်။

၂။ ဗောက်စ်ဝက်ဝွန်းကား ၈၂-သုံးထောင်ကျော်။

ဖုန်း-၀၉-၅၀၀-၁၂၄၃၊ ၆၆၁၈၄၆၊ ၆၆၆၇၇၁။

အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာချက်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ် ၁၂၆နေ-

၁။ ဒေါ်ကရီမာ (တီအမ်အီး-၀၃၄၉၇၁)
၂။ ဒေါ်နူဂျန်(ခ)ဒေါ်ချိုချိုမြင့်(တီအမ်အီး-၀၀၅၅၉၆)
၃။ ဒေါ်မော်မီနာ(ခ)ဒေါ်မော်မော်ထိုက်(တီအမ်အီး-၀၃၄၉၇၂)
၄။ ဦးတင်စိုး(ခ)ဦးဘာဘူ(တီအမ်အီး-၀၀၅၅၉၅)
၅။ ဦးစိန်ဝင်း (စီဂျီ-၀၈၇၀၂၀)
၆။ နဇီးရ်(ခ)အောင်အောင်(တီအမ်အီး-၀၃၄၀၇၃)
၇။ ဒေါ်ကနစ်(စီဂျီ-၀၈၆၉၉၅)

ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

အထက်အမည်ပါ ပုဂ္ဂိုလ်ခုနစ်ဦးမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ဦးသန်းဇော်(ခ)ဦးလာလူး ၁၂/တမန(နိုင်)၀၈၈၆၁၄ အမှတ် ၆၈၊ ၁၅၇ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းနေသူသို့ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီးဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင့်ဆန်း B.Sc. RL
တရားရုံးချုပ်ရှေ့နေ
အမှတ် ၁၆၁ A-၃၊ မြေညီထပ်၊ ကျိုက္ကဆံလမ်း၊
နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်စီးပွားရေးတက္ကသိုလ်
မဟာဘွဲ့သင်တန်းများဝင်ခွင့်စာမေးပွဲအတွက်
လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန် စီးပွားရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ (MBA) အမှတ်စဉ်(၁၁)၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (MPA) အမှတ်စဉ်(၆)နှင့် ဖွံ့ဖြိုးမှု ပညာမဟာဘွဲ့(MDevS)အမှတ်စဉ်(၂) သင်တန်းအစီအစဉ်များ၏ ၂၀၀၅ခုနှစ် ဇွန်လတွင်စတင်မည့် ပထမနှစ်သင်တန်းများအတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသည့်သူများသည် သင်တန်းဝင်ခွင့်စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာများကို ဝယ်ယူတင်သွင်းနိုင်ပါသည်။
(က) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခု တက်ရောက်နေသူ မဖြစ်စေရ။
(ဂ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) လုပ်ငန်းခွင်တွင် လုပ်သက်အနည်းဆုံး(၃)နှစ် လုပ်ခဲ့သည့် အတွေ့အကြုံရှိသူဖြစ်ရမည်။

၂။ သင်တန်းနှင့် သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို ဖော်ပြပါဌာနများ၌ ၃၁-၃-၂၀၀၅ရက်မှစ၍ ဝယ်ယူနိုင်ပြီး ၁၂-၄-၂၀၀၅ရက် နောက်ဆုံးထား၍ အဆိုပါဌာနများ၌ပင် လာရောက်တင်သွင်းနိုင်ပါသည်။
(က) MBAသင်တန်းအတွက်စီမံခန့်ခွဲမှု ပညာဌာန(ပတ္တမြားဆောင်)၊ ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)။
(ခ) MPA သင်တန်းအတွက် အသုံးချဘောဂဗေဒဌာန အခန်း(၁၁၂)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)အင်းလျားလမ်း။
(ဂ) MDevS သင်တန်းများအတွက် ဘောဂဗေဒဌာန၊ အခန်း (၁၀၆)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)အင်းလျားလမ်း

၃။ သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲကို ၂၀၀၅ခုနှစ် ဧပြီလ၂၃ရက်၊ စနေနေ့ တွင် နံနက် ၉း၀၀နာရီမှ စတင်၍ အောက်ပါနေရာများ၌ ကျင်းပပါမည်။
(က) MBA သင်တန်းအတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ (လှိုင်နယ်မြေ)
(ခ) MPAနှင့် MDevS သင်တန်းများအတွက် ရန်ကုန်စီးပွားရေး တက္ကသိုလ် (ကမာရွတ်နယ်မြေ)

၄။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေး ရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၅။ သင်တန်းများနှင့် ပတ်သက်၍ ဖုန်း-၆၆၀၈၂၂၊ ၆၆၄၆၈၄၊ ၅၃၆၄၃၃၊ ၅၃၆၄၃၄၊ ၅၉၁၄၁၅၊ ၅၉၁၄၁၆ တို့တွင် အသေးစိတ် မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်အောင်(မော်ကွန်းထိန်းအဆင့်-၁)၊
ရန်ကုန်စီးပွားရေးတက္ကသိုလ်။

ကျေးဇူးဆပ်ပါမည်

ကျွန်မရင်ရင်ထွေး၏ နိုင်ငံကူးလက်မှတ်အမှတ် -၀၇၃၄၈၈ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်း ကြားပါရန်။

ဆက်သွယ်ရန်-မရင်ရင်ထွေး
ဖုန်း- ၀၉ ၅၁၀၀၃၄၄။

ပေါက်ကုန်း-မိုးဂနိမ်းလမ်းဖွင့်ပွဲနှင့် စက်ရေတွင်းဖွင့်ပွဲကျင်းပ

ကဝ မတ် ၂၆

ပဲခူးတိုင်း ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့သော ပေါက်ကုန်း-မိုးဂနိမ်းလမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၃ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးရင်စိန်နှင့် မြို့နယ် ဥက္ကဋ္ဌ ဦးစိုင်းမောင်လူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍မိုးဂနိမ်းကျေးရွာတွင် နှစ်လက်မ စက်ရေတွင်းဖွင့်ပွဲ ကျင်းပရာ အလှူရှင်နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်နှင့် ဒေါ်ကျင်ခိုင်မိသားစုတို့က လှူဒါန်းငွေကျပ်ငါးသိန်းနှင့် ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ကျေးလက်ရေရရှိရေး ရန်ပုံ ငွေကျပ်လေးသိန်းငါးသောင်းတို့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင် အရာရှိ ဦးတင်ရှိန်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဦးမျိုးမြင့်တို့က အဆိုပါလမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(ယာပုံ) (၂၄၀)



ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးရာသီတွင် စိုက်ပျိုးနိုင်ရန်အတွက် မတ် ၁၆ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပျိုးပင် ပြုစုပျိုးထောင် ဆောင်ရွက်မှုကို အမှုဆောင် အရာရှိ ဦးသန်းဦးနှင့် အငယ်တန်း အင်ဂျင်နီယာ (၂) ဦးတင့်လွင်ဦးတို့ ကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

မြန်အောင်ပရဟိတမြို့ ရွှေကျောင်းတိုက် နှစ်(၅၀)ပြည့်ရွှေရတုပွဲကျင်းပမည်

မြန်အောင် မတ် ၂၅

ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ ရွှေကျောင်းတိုက် လူငယ်ဖွံ့ဖြိုးရေးဂေဟာ နှစ်(၅၀)ပြည့် ရွှေရတုပွဲကို နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပုညဝန္တ (မဓ္မာစရိယ) က ကြီးမှူး၍ မြန်အောင်သမ္ဗုဒ္ဓေအဆူငါးသိန်း တစ်သောင်း နှစ်ထောင် နှစ်ကျိပ် ရှစ်ဆူ အနေကဇာတင်ခြင်း၊ သက်တော်ရှည် ဆရာတော်ကြီးများအား ပူဇော်ခြင်း၊ ဝက်ဘာတောင်ပွဲဖွင့်ခြင်း၊ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်း သုံးဘာသာ အထက် ဂုဏ်ထူးရှင်များ ဆုချီးမြှင့်ခြင်း၊ အလှူတော်ငွေကျပ်သိန်း၂၃၀ လှူဒါန်းမှု ကျောက်စာတိုင်ဖွင့်လှစ်ခြင်းနှင့် ရန်ကုန်မြို့ ဝင်းရတနာခရီးသွားလုပ်ငန်းမှ ရှင်အပါး၁၀၀၀ ဒါယကာ သုဓမ္မမဏိဇောတရေ ဦးတင်အောင်-ဒေါ်လှလှနွယ်(တရားရုံးချုပ်ရှေ့နေ)တို့က ကျောင်းသားလူငယ် ၁၀၈ ဦးတို့အား သာမဏေများအဖြစ် သွတ်သွင်းချီးမြှောက်ခြင်း အခမ်းအနားများကို အဆိုပါပရဟိတ ကျောင်း၌ ဧပြီ၁၀ရက် မှ ၁၆ရက်အထိ စည်ကားစွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တပ်မတော်နေ့ဂုဏ်ပြုပစ္စည်းပေးအပ်လှူဒါန်း

တာချီလိတ် မတ် ၂၉

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တပ်မတော်သားများအား ဂုဏ်ပြုပစ္စည်းပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၂၆ရက်က တာချီလိတ်ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တာချီလိတ် တပ်နယ်မှူး ဗိုလ်မှူးကြီး မြင့်ဟန်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ဇော်မိုးအေး၊ အတွင်းရေးမှူး ဗိုလ်မှူးမင်းဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

လက်ခံရယူ

အခမ်းအနားတွင်ခရိုင် အမျိုးသမီး ရေးရာအဖွဲ့ နာယကဒေါ်သူသူမင်းစံနှင့် ဥက္ကဋ္ဌ ဒေါ်ရင်ရင်မြင့်တို့က ၄၁၃၇၆၅ ကျပ် တန်ဖိုးရှိ ဂုဏ်ပြုပစ္စည်းများကို ပေးအပ်လှူဒါန်းရာ တပ်နယ်မှူး ဗိုလ်မှူးကြီးမြင့်ဟန်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဟသ်ာတမြို့နယ်တွင် မီးဘေးကြိုတင် ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၂၇ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးမျိုးသိန်းနှင့် ခရိုင် မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းတို့ ဦးဆောင်သော ဈေးကော်မတီဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးဘေးကြိုတင် ကာကွယ်ရေး လက်တွေ့ သရုပ်ပြကြစဉ်။ (မြို့နယ် စည်ပင်)



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိလာသော စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ်အား ကြိုဆိုနှုတ်ဆက်

ရန်ကုန် မတ် ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလုံး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့မွန်းလွဲပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလုံး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ တီဂျဆူဒါဆန်နှင့်သံရုံးအဖွဲ့ဝင်များ၊ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးလှသန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန

စာမျက်နှာ ၃ ကော်လံ ၁ ✡

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိလာသည့် ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလုံးအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလုံးအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စင်ကာပူဝန်ကြီးချုပ် မစ္စတာလီရှန်းလုံးအား လက်ခံတွေ့ဆုံ

ရန်ကုန် မတ် ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်းလုံးအား ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလှသန်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်းလုံးနှင့်အတူ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဂျော့ယိုးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ တီဂျဆူဒါဆန်တို့လည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

- **စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံတော်၏ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနှင့် လူမှုရေးစွမ်းအားများ ခိုင်မာတောင့်တင်းစေရန်အတွက် နိုင်ငံတော်နှင့် ပြည်သူလက်တွဲ၍ ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။** — ခေါင်းကြီး(စာ-၂)
- **ဘေးပြောတာ မယုံနဲ့ သွေးပြောတာယုံ** — အောင်သိမ်း(ထားဝယ်)၏ ဆောင်းပါး(စာ-၁၀၊ ၁၁)
- **နယ်ချဲ့ကိုဆန့်ကျင်ခဲ့သော ကျောက်ဆည်နယ်မှ မြန်မာမျိုးချစ်များ** — ကထိကဒေါက်တာရွှေပြည်စိုး(ရန်ကုန်တက္ကသိုလ်)၏ ဆောင်းပါး(စာ-၁၅)